mgyoe.com SAMPLE BOOK



# မောင်မိုးသူ

# အိပ်မက်ကုန်သည်

## HAROLD ROBBINS

# the dream merchants

mgyoe.com

mgyoe.com

SAMPLE BOသည် ရုပ်ရှင်လောက ရုပ်ရှင်တိုင်းပြည်မှ ရုပ်ရှင်လူမျိုးများအကြောင်းကို ကြိုဂံသုံးအုပ် ရေးသားခဲ့ပါသည်။ ၎င်းတို့မှာ...

ရုပ်ရှင်ပေါ်ဦးကာလကို အခြေခံ၍ "အိပ်မက်ကုန်သည်" ယခုစာအုပ်၊ ရုပ်ရှင်အလယ်ခေတ်ကို အခြေခံ၍ "The Carpetbaggers"၊ မျက်မှောက်ရုပ်ရှင်ခေတ်ကို "The Inheritors" ဟူ၍ ဖြစ်ပါသည်။ ထိုသုံးအုပ်မှာ တစ်အုပ်နှင့် တစ်အုပ် ဇာတ်ဆောင်ချင်းရော၊ ဇာတ်လမ်းချင်းရော ဘာမှမတူကြပါ။ သို့သော် ခေတ်သုံးခေတ်မှ ရုပ်ရှင်လူမျိုးများအကြောင်း ရေးသားထားခြင်း တစ်မျက်သာလျှင် တစ်အုပ်နှင့် တစ်အုပ် ဆက်စပ်နိုင်ပါသည်။

ဟာရိုးရော့ဘင်၏ စာအုပ်များမှာ ဘဝမှန်စာပေ မဟုတ်သော်လည်း၊ ဂန္ထဝင်စာပေ မဟုတ်သော်လည်း၊ အရေးအသားကောင်းသည်။

# THE DREAM MERCHANTS



အကြောင်းအရာ စိတ်ဝင်စားဖွယ်ရာ ရှိသောကြောင့်သာ အရောင်းရတွင်ကျယ်နေခြင်းဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။ ဤ "အိပ်မက်ကုန်သည်" စာအုပ်ကို ဟိုရှေးယခင်ဇာတ်ဖူးစဉ်က နှစ်ခြိုက်ခဲ့ပါသည်။ ယခု မြန်မာပြန်နေစဉ် ဖတ်ရှုသည့်အခါတွင်လည်း ဟာရိုးရော့ဘင်၏ အရေးအသား၊ အတတ်ပညာနှင့် သူ ပေးထားသော ရုပ်ရှင်တိုင်းပြည်မှ ရုပ်ရှင်လူမျိုးများအကြောင်းကို စိတ်ဝင်စား နှစ်ခြိုက်နိုင်သည်ကို တွေ့ရပါသည်။

ISBN9789997137234
MOE5
9 789997 137234
MMK 9,500.00

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# အိပ်မက်ကုန်သည်

## THE DREAM MERCHANTS

HAROLD ROBBINS

မောင်မိုးသူ

မြန်မာပြန်




စတုတ္ထအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

အိပ်မက်ကုန်သည်၊ မောင်မိုးသူ
စာမျက်နှာ ၃၃၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ မေလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၆၊ တံခွန်တိုင်စာပေ၏ ပထမအကြိမ်မှ
[ဒုတိယအကြိမ်-၂၀၀၇၊ ကံ့ကော်ဝတ်ရည်စာပေ
တတိယအကြိမ်- ၂၀၁၇၊ နန်းဒေဝီစာပေ]

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

## ပါဝင်သောအခန်းများ


| | | |
|---|---|---|
| ......... | မြန်မာပြန်သူ၏ အမှာ | ၃ |
| ပစ္စုပ္ပန် | ၁၉၃၈ ခုနှစ်၊ တနလ်ာနေ့။ | ၇ |
| အတိတ် | လွန်ခဲ့သော နှစ်ပေါင်း ၃၀၊ ၁၉၀၈ ခုနှစ်။ | ၂၂ |
| ပစ္စုပ္ပန် | ၁၉၃၈ ခုနှစ်၊ အင်္ဂါနေ့။ | ၆၁ |
| အတိတ် | လွန်ခဲ့သော ၂၇ နှစ်၊ ၁၉၁၁ ခုနှစ်။ | ၆၈ |
| ပစ္စုပ္ပန် | ၁၉၃၈ ခုနှစ်၊ ဗုဒ္ဓဟူးနေ့။ | ၁၂၅ |
| အတိတ် | လွန်ခဲ့သော ၂၁ နှစ်မှ ၁၉၁၇ ခုနှစ်။ | ၁၃၈ |
| ပစ္စုပ္ပန် | ၁၉၃၈ ခုနှစ်၊ ကြာသပတေးနေ့။ | ၁၇၃ |
| အတိတ် | လွန်ခဲ့သော ၁၅ နှစ်၊ ၁၉၂၃ ခုနှစ်။ | ၁၈၄ |
| ပစ္စုပ္ပန် | ၁၉၃၈ ခုနှစ်၊ သောကြာနေ့။ | ၂၁၇ |
| အတိတ် | လွန်ခဲ့သော ၁၃ နှစ်၊ ၁၉၂၅ ခုနှစ်။ | ၂၂၈ |
| ပစ္စုပ္ပန် | ၁၉၃၈ ခုနှစ်၊ စနေနေ့။ | ၂၄၉ |
| အတိတ် | လွန်ခဲ့သော ၂ နှစ်၊ ၁၉၃၆ ခုနှစ်။ | ၂၅၇ |
| ပစ္စုပ္ပန် | ၁၉၃၈ ခုနှစ်၊ တနင်္ဂနွေနေ့နှင့် တနလ်ာနေ့။ | ၂၉၈ |


*

mgyoe.com




mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## မြန်မာပြန်သူ၏ အမှာ

ဟာရိုးရော်ဘင်သည် မျက်မှောက်ခေတ် ကမ္ဘာ့စာပေလောကတွင် အရောင်းရဆုံး စာရေးဆရာတစ်ဦး ဖြစ်ပါသည်။ သူ့ဝတ္ထုများကို ကျွန်တော်တို့မြန်မာဘာသာ အပါအဝင် ကမ္ဘာ့ဘာသာမျိုးစုံဖြင့် ပြန်ဆိုကာ တွင်ကျယ်စွာရောင်းနေကြရပါသည်။ သို့သော် သူ့ကို သရုပ်မှန် စာရေးဆရာ၊ ဂန္ထဝင်စာရေးဆရာဟု မည်သည့်စာပေသုတေသီကမျှ အသိအမှတ် မပြုကြပါ။ သူ့ဝတ္ထုများသည် ညစ်ညမ်းသောလိင်ကိစ္စများ၊ အာဏာလုယက် တိုက်ခိုက်စွန့်စားခြင်းများနှင့် မိမိတို့ကိုယ်တိုင် မကြုံတွေ့နိုင်သော အောင်မြင်ချမ်းသာကြွယ်ဝမှုများအကြောင်းတို့ကို ရောထွေးသမ၍ ရေးသားထားသောကြောင့်သာ အရောင်းရ တွင်ကျယ်နေခြင်းဖြစ်သည်ဟု ဆိုကြပါသည်။ မည်သို့ဆိုကြသည်ဖြစ်စေ သူ့ဝတ္ထုများမှာ ဖတ်၍ကောင်းသည်။ ဖတ်နေသည့်အခိုက် သာယာမှုကို ပေးသည်ဆိုခြင်းကိုမူ မည်သူမျှငြင်းကွယ်နိုင်ကြမည်မဟုတ်ပေ။

ဟာရိုးရော်ဘင်သည် မိဘမဲ့ဂေဟာတစ်ခုတွင် ၁၉၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် မွေးဖွားသည်ဟု ဆိုပါသည်။ ဂျူးမိသားစုတစ်ခုမှ မွေးစားခြင်းခံခဲ့ရပြီး အသက် ၁၅ နှစ်အရွယ်တွင် အိမ်မှထွက်ပြေးကာ ဘဝမျိုးစုံ၌ အလုပ်မျိုးစုံ လုပ်ကိုင်ကာ လောကကို ရင်ဆိုင်ခဲ့သူဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် "Never Love a Stranger" အမည်ရှိ အဖေမိဘ မသိဘဲ မွေးဖွားကာ မိဘမဲ့ကျောင်းတွင် ကြီးပြင်းလာခဲ့ရသူ ဖရင်ကီကိန်းဆိုသည့်

mgyoe.com

mgyoe.com SAMPLE BOOK

လူငယ်ကလေးတစ်ဦး၏ ဘဝ၊ တိုက်ပွဲ၊ အကောင်းအဆိုးများနှင့် လူမိုက်လောကတို့အကြောင်းကို ပထမဆုံးစာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့သည်။ နောက် ယခုစာအုပ် 'အိပ်မက်ကုန်သည်' ကို ဆက်လက် ရေးသားထုတ်ဝေခဲ့ရာ ထင်ရှားသော စာရေးဆရာအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဟာရိုးရော့ဘင် ရေးသားခဲ့သော စာအုပ်များမှာ...

| | | |
|---|---|---|
| ၁။ | Never Love a Stranger | အောင်ခင်စော (မြန်မာပြန်) |
| ၂။ | The Dream Merchants | ယခုစာအုပ် |
| ၃။ | 79, Park Avenue | တင်ထွေး (မြန်မာပြန်) |
| ၄။ | The Stiletto | အောင်ခင်စော (မြန်မာပြန်) |
| ၅။ | A Stone for Danny Fisher | ဇင်လူ (မြန်မာပြန်) |
| ၆။ | The Carpetbaggers | |
| ၇။ | Never Leave Me | တင့်လွင်တူး (မြန်မာပြန်) |
| ၈။ | Where Love Has Gone | |
| ၉။ | The Betsy | |
| ၁၀။ | The Adventurers | |
| ၁၁။ | The inheritors | |
| ၁၂။ | The Pirate | တင်ထွေး (မြန်မာပြန်) |
| ၁၃။ | Lonely Lady | |

ကျွန်တော် လက်လှမ်းမီ တွေ့သိရသမျှမှာ ၁၉၄၈ ခုနှစ် စတင်ထုတ်ဝေခဲ့သော ပထမစာအုပ်မှ နောက်ဆုံးထုတ် မြန်မာပြည်နှင့် မတွေ့ဖူးသေးသော "Lonely Lady" စာအုပ်အထိ ၂၈ နှစ်အတွင်း စာအုပ် ၁၃ အုပ် ရေးသားထုတ်ဝေခဲ့ပါသည်။ အထက်ပါ စာအုပ်များမှာ ကျွန်တော်တွေ့သိသမျှသာဖြစ်၍ နှစ်အလိုက် အစီအစဉ်မဟုတ်နိုင်ပါ။

ဟာရိုးရော့ဘင်သည် ရုပ်ရှင်လောက ရုပ်ရှင်တိုင်းပြည်မှ ရုပ်ရှင်လူမျိုးများအကြောင်းကို တြိဂံသုံးအုပ် ရေးသားခဲ့ပါသည်။ ၎င်းတို့မှာ...

ရုပ်ရှင်ပေါ်ဦးကာလကို အခြေခံ၍ 'အိပ်မက်ကုန်သည်' ယခုစာအုပ်၊ ရုပ်ရှင်အလယ်ခေတ်ကို အခြေခံ၍ "The Carpetbaggers"၊ မျက်မှောက်ရုပ်ရှင်ခေတ်ကို "The Inheritors" ဟူ၍ ဖြစ်ပါသည်။ ထိုသုံးအုပ်မှာ

mgyoe.com

mgyoe.com SAMPLE BOOK


တစ်အုပ်နှင့် တစ်အုပ် ဇာတ်ဆောင်ချင်းရော၊ ဇာတ်လမ်းချင်းရော ဘာမျှ မတူကြပါ။ သို့သော် ခေတ်သုံးခေတ်မှ ရုပ်ရှင်လူမျိုးများအကြောင်း ရေးသားထားခြင်း တစ်ချက်သာလျှင် တစ်အုပ်နှင့်တစ်အုပ် ဆက်စပ်နိုင်ပါသည်။

ဟာရီးရော်ဘင်၏ စာအုပ်များမှာ ဘဝမှန်စာပေမဟုတ်သော်လည်း၊ ဂန္ထဝင်စာပေမဟုတ်သော်လည်း အရေးအသားကောင်းသည်။ အကြောင်းအရာ စိတ်ဝင်စားဖွယ်ရာ ရှိသောကြောင့်သာ အရောင်းရ တွင်ကျယ်နေခြင်းဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။ ဤ 'အိပ်မက်ကုန်သည်' စာအုပ်ကို ဟိုရှေးယခင် ဖတ်ဖူးစဉ်က နှစ်ခြိုက်ခဲ့ပါသည်။ ယခု မြန်မာပြန် နေစဉ် ဖတ်ရှုသည့်အခါတွင်လည်း ဟာရီးရော်ဘင်၏ အရေးအသား၊ အတတ်ပညာနှင့် သူ ပေးထားသော ရုပ်ရှင်တိုင်းပြည်မှ ရုပ်ရှင်လူမျိုးများ အကြောင်းကို စိတ်ဝင်စား နှစ်ခြိုက်နိုင်သည်ကို တွေ့ရပါသည်။

အကြောင်းအားလျော်စွာ ဖော်ပြရမည်ဆိုပါလျှင် မြန်မာပြန်သူ ကျွန်တော်သည် မြန်မာရုပ်ရှင်တိုင်းပြည်မှ မြန်မာရုပ်ရှင်လူမျိုး၊ ဒါရိုက်တာ တစ်ဦး ဖြစ်နေပါသည်။ ကျွန်တော်သည် စာပေနယ်မှလာသူတစ်ဦး ဖြစ်ရကား မြန်မာရုပ်ရှင်တိုင်းပြည်မှ ရုပ်ရှင်လူမျိုးများအကြောင်းကို စာ တစ်အုပ်ရေးရန် အူယား လက်ယားလျက်ရှိနေပါသည်။ တကယ်တမ်း၌ ကား အကြောင်းကြောင်းများကြောင့် ရေးဖြစ်နိုင်ခဲ့ခြင်းမရှိပါ။ သို့ဖြစ်သော ကြောင့် အာသာပြေအနေဖြင့် ဟောလိဝုဒ် ရုပ်ရှင်တိုင်းပြည်မှ ရုပ်ရှင်လူမျိုး များအကြောင်း ရေးသားထားသည့် 'အိပ်မက်ကုန်သည်' စာအုပ်ကို မြန်မာ ပြန်ဆို ရေးသားလိုက်ခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို ပြန်ဆိုရာ၌ မူရင်းစာအုပ်သည် ထူထဲလွန်းပါသော ကြောင့် ထိုက်တန်သလောက် ခြုံငုံ၍ ပြန်ဆိုထားခြင်းဖြစ်ပါသည်။ မျက်နှာ ဖုံးမှ မာရီလင်မွန်ရိုးနှင့် ပုံပါဇာတ်လိုက်များမှာ သူတို့ဆီမှ ရုပ်ရှင်လူမျိုးများ ဖြစ်သဖြင့် တင်စားသောအားဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို ပြန်ဆိုရန် တိုက်တွန်းကြသူ မိတ်ဆွေများအားလည်း ကောင်း၊ ပြန်ဆိုစဉ် ကာလအတွင်း ကျွန်တော် စာရေးသည်ကို တစ်ခါမျှ မြင်ဖူးဟန်မတူသည့်အတွက် "ဘာဘာကလည်း ဒီစာအုပ်ကြီးပဲ ထိုင်ထိုင်ရေး

mgyoe.com

mgyoe.com SAMPLE BOOK


နေတာပဲ၊ လျှောက်လည်ပါ့လား" ဟု ခဏခဏ အားပေးသည့် သားငယ် 'ညီညီမိုးသူ' အားလည်းကောင်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ။

မောင်မိုးသူ
၁၇၊ ၇၊ ၇၆

mgyoe.com

mgyoe.com SAMPLE BOOK

# ပစ္စုပ္ပန်

၁၉၃၈ ခုနှစ်၊ တနင်္လာနေ့။

ကျွန်တော်သည် အငှားကားပေါ်မှ ရောက်ဖဲလား ရပ်ကွက်တွင် ဆင်းလိုက်၏။ ရာသီဥတုမှာ မတ်လသို့ရောက်သည့်တိုင် လေကထန်ဆဲ။ ဆင့် ၃၀ သာကျသော ခရီးအတွက် တစ်ဒေါ်လာတန်တစ်ရွက်ကို မအမ်းစေတော့ဘဲ ကားသမားကို ပေးလိုက်သည်။ ကျွန်တော်သည် နံနက်စောစော၏ လေကောင်းလေသန့်ကို တဝရှူလိုက်ပြီး တစ်လောကလုံးကို ကြည့်လိုက်သည်။ တစ်လောကလုံး သာယာလှပါသည်။

ဝယ်နေကျ တိုင်းမ်သတင်းစာတစ်စောင်ကို ဝယ်လိုက်ပြီး နာမည်ကြီး ဒီဇင်မလား၏ ဆံသဆိုင်ထဲ ဝင်လိုက်၏။ သည်ဆိုင်မှာ လူတိုင်းဝင်နိုင်သော ဆိုင်မဟုတ်။ အထက်လွှာများ၊ ပြီးတော့ ရပ်ရှင်သမားများအတွက် ဖွင့်ထားသည့် ဆိုင်မျိုး။ ဆိုင်ရှင်က ကျွန်တော့်ကို နှုတ်ဆက်သည်၊ ကျွန်တော်က ပြန်ပြုံးပြရင်း "ရိုကို ရှိသလား" ဟုမေးလိုက်၏။ နောက် ပထမဆုံးခုံ၌ ထိုင်လိုက်သည်။ ခဏအတွင်း ရိုကို ရောက်လာပြီး "စောလှချည်လား ဂျော်နီ" ဟု နှုတ်ဆက်၏။ ဟုတ်သည်။ ကျွန်တော် မည်မျှကြီးကျယ်လာသည်ဖြစ်စေ ရိုကိုကမူ ဂျော်နီဟုခေါ်မည်သာဖြစ်သည်။ သူ့၌ ခေါ်ပိုင်ခွင့် ရှိသည်။ ကျွန်တော်က ပြုံး၍ "အစောကြီး နိုးနေတယ်လေ"၊ "အင်းလေ မောင်ရှင့်အတွက် ကြီးကျယ်တဲ့ နေ့တစ်နေ့ပဲဟာ။ တနင်္ဂနွေ တစ်ပတ်ကို ဒေါ်လာ ၁၀၀၀ ရတဲ့ အလုပ်မျိုးပဲဟာ။ ကျုပ်ဆို သိပ်တောင်ပျော်မှာ

mgyoe.com

mgyoe.com

မဟုတ်ဘူး”

“၁၀၀၀ မဟုတ်ဘူး။ ၁၅၀၀”

“အင်းလေ၊ ဒီအခြေအနေကျတော့ ၅၀၀ ဟာလည်း အသေးသုံးလောက်ပဲ ရှိတော့မှာပဲနော်”

“ဒီအခြေအနေကျတော့ ပိုက်ဆံက ပြဿနာမဟုတ်ဘူး ရိုကို၊ သိက္ခာ... သိက္ခာက ပြဿနာဗျ”

ရိုကိုသည် ကတ်ကြေးကိုထုတ်၍ ကျွန်တော်၏ ဆံပင်တချို့ကို စတင်ညှပ်ရင်း ပြောလိုက်၏။

“အင်း... လူတွေဟာ အကောင်ကြီးလာတိုင်း ဂုဏ်တို့၊ ဒြပ်တို့၊ သိက္ခာတို့ကို လိုချင်ကြတာပါပဲ။ ဥပမာရိုင်းရိုင်းပေးရရင်တော့ သိက္ခာတို့၊ ဂုဏ်တို့ဆိုတာ ဗိုက်ရွဲလာတာမျိုးပေါ့။ ကာယကံရှင်ကလည်း ဗိုက်ကလေးပွတ်ပြီး ကျေနပ်သယောင်ယောင်၊ ဘေးအမြင်ကလည်း သူဌေးဗိုက်ဆိုပြီး အထင်ကြီးနေတတ်ကြပေမဲ့ တကယ်ကျတော့ ငါ စိတ်ထဲက ကျိတ်ပြီး အရင်ကလို ပိန်ချင်လိုက်တာလို့ ဆုတောင်းနေရတာမျိုး” သူက တရားဟောသည်။

ကျွန်တော်ကမူ “မမိတဲ့ စပျစ်သီး မချဉ်နဲ့ ရိုကိုရယ်၊ ကျုပ်အတွက်တော့ နိပ်ပါတယ်”

ရိုကိုသည် ဘာမျှမပြောတော့ဘဲ သူ့အလုပ်သူ လုပ်နေတော့၏။ ကျွန်တော်လည်း စကားမပြောတော့။ သတင်းစာကို တစ်ရွက်ချင်း လှန်လိုက်သည်။ သတင်းတစ်ပုဒ်က ထင်းခနဲ ထွက်လာ၏။ “မဂ္ဂနမ်ရုပ်ရှင်ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ဂျွန်အက်(ဂျ)အား ရွေးချယ်လိုက်ခြင်း” ဆိုသည်က ခေါင်းစီးမည်းနှင့်။ သူ့အောက်မှ ထုံးစံအတိုင်း ရေးနေကျသတင်းမျိုး။ မဂ္ဂနမ်ရုပ်ရှင်ကုမ္ပဏီကြီး တည်ထောင်ဖြစ်ပေါ်လာပုံ ရာဇဝင်၊ နောက် ကျွန်တော်၏အတ္ထုပ္ပတ္တိ၊ သည်နေရာမှာလည်း သတင်းစာသမားများသည် တစ်ချိန်က နာမည်ကျော် ရုပ်ရှင်မင်းသမီး ဂျူစီဝါရင်နှင့် လက်ထပ်ခဲ့ကြောင်း၊ ကွဲခဲ့ကြောင်း သတင်းသည် မကျန်ခဲ့။ ကျွန်တော်သည် သတင်းစာမှာပါသော သတင်းထက်ပို၍ စဉ်းစားနေစဉ်မှာပင် အားလုံးပြီးသွားသည့်အတွက် အိတ်ထဲမှ ငါးဒေါ်လာတန် တစ်ရွက်ထုတ်၍ နှစ်ဒေါ်လာခွဲတန်

သော အလုပ်အတွက် ရိုကိုကို ပေးလိုက်သည်။ ရိုကိုက ဘာမျှမထူးခြားသလို ပိုက်ဆံကို အိတ်ထဲထည့်လိုက်၏။

"အဘိုးကြီးဆီက ဘာသတင်းကြားသေးသလဲ ဟင်"

ကျွန်တော်သည် တုန်လှုပ်သွား၏။ သို့သော် မျက်နှာတင်းတင်းနှင့်...

"အို... မလိုပါဘူး၊ သူ့ထင်မြင်ချက်မှမလိုဘဲဗျာ"

ရိုကိုသည် မျက်နှာမပြောင်းဘဲ ခေါင်းသာ ယမ်းလိုက်ရင်း...

"ဒီလိုပြောဖို့မကောင်းဘူး ဂျော်နီ၊ သူက မောင်ရင့်ကို နှက်ခဲ့တာ ရှိချင်ရှိပေမဲ့ လူကောင်းကွ။ ပြီးတော့ မင်းကို သူ့သားအရင်းလို ချစ်တာ"

"ဒါပေမဲ့ နှက်ခဲ့တာတော့ နှက်တာပဲမဟုတ်လား"

"အို... နှက် ဘာဖြစ်တုံး။ သူ့အသက်က ကြီးပြီကွာ၊ အခြေအနေက စိတ်လှုပ်ရှားနေတယ်။ ဒါကြောင့် အားလုံးယိုတဲ့ချေး ပုစွန်ဆိတ် ခေါင်းချဆိုသလိုမျိုး မောင်ရင့်အပေါ်မှာ လုပ်မိတယ်ထား ဘာဖြစ်တာမှတ်လို့၊ နှစ်ပေါင်း ၃၀ ကောင်းခဲ့တာဟာ သံပရာတစ်ခြမ်းနဲ့ ချေလို့ရတာမျိုးမှ မဟုတ်တာ"

ကျွန်တော်သည် ဆတ်ခနဲ ရိုကိုနှင့် မျက်နှာချင်းဆိုင်ပြီး သူ့ကို ကြည့်လိုက်သည်။ သူ့မျက်လုံးများမှာ ရိုးသားသန့်ရှင်းပြီး ကျွန်တော့်ကို စာနာနေသည့် မျက်လုံးမျိုး။ ကျွန်တော်သည် တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောတော့ဘဲ ဆိုင်ထဲမှ ထွက်လိုက်သည်။ နောက် ဓာတ်လှေကားရှိရာသို့ တန်းဝင်သွားသည်။ ဓာတ်လှေကားမောင်းသမားက ကျွန်တော့်ကို နှုတ်ဆက်သည်။ ပြီးတော့ မမေးဘဲ ၃၂ ဆိုသော ခလုတ်ကိုနှိပ်သည်။ ကျွန်တော်၏ရုံးမှာ ၃၂ ထပ်မှာဖြစ်သည်။

ညှိကြိုမိန်းကလေးက ပြုံးသည်။ 'ဂွတ်မောနင်း မစ္စတာ အက်(ဂျ)" ဟု လှလှကလေး ဆိုသည်။

"မောနင်း မိုနာ" ဟု ခပ်ဖွဖွဆိုပြီး ကျွန်တော် ရုံးခန်းရှိရာသို့ လျှောက်လာခဲ့သည်။ သည်နေရာ သည်လမ်းကို နှစ်ပေါင်းများစွာ ဖြတ်လာခဲ့သူဖြစ်သော်လည်း တစ်ခါမျှမလာဖူးသလို ကျွန်တော် ဖြစ်နေရ၏။ အခန်းဝတွင် ရွှေရောင်စာလုံးနှင့် ဆိုင်းဘုတ်ကလေးရှိနေသည်။ "မစ္စတာ အက်(ဂျ)" ဟူ၍။ အခါတိုင်း အဘိုးကြီး နာမည်ရှိသည့် နေရာမှာပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။

ကျွန်တော်သည် တံခါးဖွင့်စင်မည်ပြုပြီးမှ နှစ်ပေါင်းများစွာက အဘိုးကြီးနာမည်ရှိနေသော နေရာဖြစ်သည့်အတိုင်း ဟုတ်မှဟုတ်ပါလေစ ဟု ပြန်ထွက်ကြည့်၏။ ဟုတ်ပါသည်၊ ရွှေရောင်စာလုံးကလေးမှာ အထင်းသား၊ 'မစ္စတာအက်(ဂျ)' ကျွန်တော်၏ အမည်ပါပဲ။

ကျွန်တော်သည် ခေါင်းယမ်းလိုက်ပြီး အခန်းထဲ ဝင်လိုက်သည်။ ဟုတ်ပါသည်။ ရိုက်ပြောသလိုပဲ အနှစ် ၃၀ ကို မေ့ထား၊ ဖယ်ထားဖို့ဆိုတာ လွယ်တာမှတ်လို့။

သည်အခန်းမှာ ကျွန်တော်၏အခန်းမဟုတ်ပေ။ ကျွန်တော်၏ အတွင်းရေးမှူးအခန်း၊ မစ္စဂျိန်းအင်ဒါဆင်၏ အခန်း။ ကျွန်တော် ဝင်လိုက်သောအခါ ဂျိန်းသည် ပြောလက်စ ဖုန်းကို ချလိုက်ပြီး "ဂွတ်မောနင်း မစ္စတာအက်(ဂျ)" ဟု နှုတ်ဆက်သည်။ ကျွန်တော်က ပြုံး၍ "ဘယ်လိုလဲ၊ တယ်ရှိသေပါလား" ဂျိန်းသည် မနေနိုင်တော့။ ပြန်ရယ်မောရင်း "ဘုရားရေ... ဒုက္ခပါပဲ ကျော်နီရယ်၊ ဘာပဲပြောပြော ကျော်နီဟာ အခု ဘော့စ်အကြီးဆုံး ဖြစ်နေပြီမဟုတ်လား၊ ရိုရိုသေသေ ဆက်ဆံမှပေါ့"

ကျွန်တော်က ပြုံးလျက်ပင် "ရိုသေတာတွေကို တခြားလူတွေဖို့ ထားလိုက်ပါ ဂျင်နီရယ်" ပြောရင်း ကျွန်တော်၏ အခန်းထဲ ဝင်လိုက်၏။ ပြီး တစ်ခန်းလုံးကို ပထမ ကြည့်လိုက်သည်။

သည်အခန်းကို သူတို့ ပြင်ဆင်ပြီးမှ ကျွန်တော် ပထမဆုံး မြင်ဖူးခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ဟောလိဝုဒ် စတူဒီယိုတွင် သောကြာနေ့ အထိ ရှိနေခဲ့ပြီး စနေနေ့ညကမှ နယူးယောက်မြို့သို့ ပြန်ခဲ့သူဖြစ်သည်။ ယနေ့က တနင်္လာနေ့...။

ဂျင်နီက ကျွန်တော်နှင့်အတူ လိုက်ပါလာရင်း...

"ဘယ့်နှယ်လဲ သဘောကျရဲ့လား" ဟု မေးလိုက်သည်။

ကျွန်တော်သည် တစ်ခန်းလုံးကို သေချာစွာ ကြည့်ပါ၏။ ရွှေရောင်လွှမ်း၍ ခမ်းနားသောအခန်းကြီးကို ဘယ်သူသဘောမကျ ရှိပါမည်နည်း။ ကျွန်တော် သဘောကျပါသည်။ အခန်းကြီးမှာ တစ်ဖက် ပြတင်းပေါက် ငါးပေါက်စီနှင့် ပြတင်းက ၁၀ ပေါက်။ ပါတီကြီးတစ်ခုပေးရင်တောင်

mgyoe.com

SAMPLE BOOK

ကိုယ်ပိုင်နားခိုဖို့ နေရာကလေးရှိနိုင်ပါသေးရဲ့ ဆိုတာမျိုး။

ကျွန်တော်သည် ကျွန်တော့်စားပွဲသို့သွားပြီး ထိုင်လိုက်သည်။ ဂျင်နီက နံရံနံဘေးသွားပြီး ခလုတ်တစ်ခုနှိပ်လိုက်ရာ နံရံသည် တစ်ပတ်လည်သွားပြီး အရက်မျိုးစုံပါသည့် ဘားတစ်ခုပေါ်လာ၏။ ဂျင်နီက ဘယ့်နှယ်လဲဟု ကြည့်၏။ ကျွန်တော်က အံ့ဩပါတယ်ဆိုသည့်အမူအရာမျိုး။ ဂျင်နီက နောက်ထပ် ခလုတ်နှိပ်ပြန်ရာ တခြားနံရံတစ်ခု လည်သွားပြန်ပြီး ရေချိုးခန်းနှင့် အိမ်သာကို လှမ်းမြင်ရသည်။ ဂျင်နီက ဘယ်လိုလဲဟူသော မျက်နှာထားနှင့်ပင်။

သည်အခိုက် ဂျင်နီအခန်းမှ ဖုန်းမြည်သဖြင့် ဂျင်နီသည် အခန်းပြင်သို့ ထွက်သွားရာ ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်သည်။ အရင်တုန်းက အဘိုးကြီး ပီတာရှိစဉ်တုန်းက ဒီအပြင်အဆင်မျိုးမဟုတ်၊ ရိုးရိုးရှင်းရှင်း။ ယခုတော့ ခေတ်မီလှချည့်။ ထားပါတော့၊ ထားပါတော့။

အရင်အခါ ကျွန်တော် ပီတာ၏ လက်ထောက်ဘဝတုန်းကဆိုလျှင် သည်အချိန်လောက်ဆိုလျှင် ကျွန်တော့်အခန်းမှာ လူတရုန်းရုန်းနှင့်၊ စီးကရက်မီးခိုးနံ့ တထောင်းထောင်း ဖြစ်နေရော့မည်။ လူတိုင်းသည် ကျယ်လောင်ကျယ်လောင်နှင့် သူတို့ စိတ်ကူးရသမျှ ရုပ်ရှင်ကားများ ထုတ်လုပ်ရန်၊ ရိုက်ကူးရန်၊ ရောင်းဝယ်ရန် စီစီညံအောင် ပြောကြပါသည်။ ငြင်းကြ၊ ခုံကြ၊ အော်ကြ၊ ဟစ်ကြနှင့် ရင်းရင်းနှီးနှီး။ ယခုတော့ ထိုဘဝမျိုး ပြန်မရနိုင်တော့။

သည်တွင် ပီတာ တစ်ကြိမ်က ပြောဖူးသည့်စကားကို ပြန်လည်ကြားယောင်မိပြန်သည်။ "ဒီမှာ ဂျော်နီ လူတစ်ယောက်ဟာ ဘော့စ်ဖြစ်သွားပြီဆိုရင် တစ်ယောက်တည်းပဲ ရှိတော့တာကွ၊ မိတ်ဆွေမရှိတော့ဘူး။ ရန်သူချည်းပဲ ရှိတယ်မှတ်ပေရော့။ လူတွေက မင်းဘက်မှာကောင်းရင် ဘာလိုချင်လို့ ကောင်းပါလိမ့်လို့ တွေးမိမယ်။ မင်းက သူတို့ပြောစကားတွေ နားထောင်ပြီး သူတို့ စိတ်အေးအောင် လုပ်မယ်။ ဒါပေမဲ့ သူတို့စိတ် ဘယ်တော့မှမအေးဘူး။ သူတို့က မင်းဟာ ဘော့စ်ပဲ၊ အကြီးဆုံးပဲဆိုတာကို မေ့လို့မရဘူး။ မင်း တစ်ခုခုပြောလိုက်၊ လုပ်လိုက်ရုံနဲ့ သူတို့ဘဝတစ်ခုလုံး ပြောင်းသွားနိုင်တာကိုး၊ အေး... ဘော့စ်ရဲ့ဘဝဟာ အထီးကျန်ဘဝပဲ ဂျော်နီ... အထီးကျန်ဘဝပဲ..." ပီတာ ထိုစကားများကို ပြောစဉ်က ကျွန်တော်က

mgyoe.com

mgyoe.com

ယုံတမ်းစကားများပမာ ရယ်လာခဲ့ပါသည်။ ယခု ကျွန်တော်ကိုယ်တိုင် တော့စ်ဖြစ်လာသောအခါ မရယ်နိုင်တော့ပါ။

စားပွဲပေါ်တွင် စာတွေ၊ ကတ်တွေ ပုံနေ၏။ အားလုံးလိုလိုမှာ ကျွန်တော် ဥက္ကဋ္ဌဖြစ်သည့်အတွက် ချီးကျူးကြောင်း၊ ဂုဏ်ယူကြောင်းစာများ၊ ကတ်များ ဖြစ်ပါသည်။ စာများ၊ ကတ်များ ကြည့်ရှုပြီးခါနီးတွင် ဂျင်နီ ပန်းခြင်းကြီးတစ်ခုနဲ့ ဝင်လာပြန်၏။ "ဘယ်သူ့ဆီကပါလိမ့်" စကားမဆုံးမီ ပူးတွဲပါ စာအိတ်ပေါ်မှ ဒီ–ဒဗလျူဆိုသည့် အတိုကောက်ကလေးကိုတွေ့ပြီး လန့်သွားပါသည်။ ဖွင့်လိုက်သောအခါ ကတ်ပြားကလေးတစ်ခု ထွက်လာ၏။

"အောင်မြင်ခြင်းလောကီ အောင်မြင်တာ မရှိပါဘူး ရော်နီ၊ ခုပုံဆိုရင် ကိုယ် အတွက်မှားပြီနဲ့တူတယ်" အောက်မှ ဂျူစီဆိုသည့် လက်မှတ်ကလေး။ ကျွန်တော်သည် ပန်းစည်းကို အမိုက်ခြင်းထဲ လွှင့်ပစ်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ဩော်... ဂျူစီ... ဂျူစီ... ဂျူစီကဲ အတုံးစားဖြစ်သည်။ သို့သော် သူ့ကို ကျွန်တော် လက်ထပ်စဉ်ကမူ အကောင်းစား၊ အနိပ်စား၊ အပျံစား၊ အလှဆုံးဟု ထင်မှတ်ခဲ့မိသား။ သူက ကိုယ့်ကို စိုက်ကြည့်လိုက်လျှင်ပဲ ကမ္ဘာမှာ ကံအကောင်းဆုံးငနဲပဲဟု ဘဝင်ခွဲသွားလောက်စရာပါပဲ။ ဘယ်လောက်တုံးခဲ့သလဲ၊ တုံးခဲ့သလဲဆိုတာ သူနဲ့ကွာရှင်းပြတ်စဲပြီးခါမှ သိတာမျိုးကလား...။

"ဘယ်သူ့ဆီက ဖုန်းလာသေးသလဲ ဂျင်နီ"

"ဂျော့ပါပတ်ဆီကလာတယ်၊ ပြန်ဆက်ပါတဲ့..."

"ဟုတ်လား၊ ဒါဖြင့် ဆက်လိုက်စမ်းပါ..."

ဂျင်နီ ဖုန်းဆက်ရန် ထွက်သွားပြန်၏။ ဂျော့ကမူ လူရင်း။ သူသည် ဘိုဒင်း ရုပ်ရှင်ကုမ္ပဏီ၏ ဥက္ကဋ္ဌ။ ဂျော့နှင့် ကျွန်တော် သိကျွမ်းခင်မင်ခဲ့သည်မှာ ကြာပါပြီ။ ဂျော့သည် ပီတာ ရုပ်ရှင်ထုတ်လုပ်ရေးစချိန်က ပီတာ၏ရုံကလေး ဝယ်ခဲ့သူ...

ဖုန်းက မြည်လာသည်။ ကျွန်တော် ကိုင်လိုက်သည်။ ပထမ ဂျင်နီက ဂျော့နှင့် ရပြီဆိုသည့်အကြောင်း။ နောက် ဂျော့အသံ...။

"ဟယ်လို... ရော်နီ..."

mgyoe.com

mgyee.com SAMPLE BOOK


"ဟယ်လို... ဂျော့... ဘယ်လိုလဲ..."

"ကောင်းပါတယ်... ကိုရင်ကလေးကော"

"ဒီလို... ဒီလိုပေါ့လေ... တာဝန်ကျရာပေါ့..."

"နေ့လယ်စာ စားရအောင်လား"

"ဟုတ်ပါ့ဗျာ... တစ်ယောက်ယောက်က နေ့လယ်စာ သတိရဦးမှပေါ့။ သြော်... ဒါထက် ကျွန်တော့်အခန်းလည်း ကြည့်ရအောင် နေ့လယ်လာခဲ့ပါလား"

"ကောင်းပါပြီဗျာ... ကောင်းပါပြီ" ဂျော့ ရယ်သံသည် ဖုန်းချလိုက်သည်အထိ ဖုန်းခွက်ထဲမှာ မြည်နေ၏။

နောက် ဂျင်နီကို ရုံးတစ်ဖွဲ့လုံး ခေါ်ခိုင်းလိုက်သည်။ ပြီး ထုံးစံစကားများ ပြောရပြန်သည်။ တစ်ဖွဲ့လုံးက ဂုဏ်ယူကြောင်းစကားများ၊ ဝမ်းသာကြောင်းစကားပြော၊ ကျွန်တော်က ကျေးဇူးတင်ကြောင်း အရင်ပြော၊ နောက်ပြီး ကုမ္ပဏီမှာ အခြေအနေမကောင်းကြောင်း၊ အားလုံး လုပ်အားအပြည့်နဲ့ လုပ်ကြမှ နာလန်ထူနိုင်မည့်အကြောင်း၊ တစ်ပတ်အတွင်း ဌာနအသီးသီး၏ အသေးစိတ် အစီရင်ခံစာ လိုချင်ကြောင်း စသည်... စသည်ဖြင့်...။

သည့်နောက် နေ့လယ်စာစားရန် ဖြုတ်လိုက်သည်။ သူတို့အားလုံး၏ အပြုံးမျက်နှာများနောက်မှ အတွေးများကို ကျွန်တော် သိပါသည်။ သူတို့အားလုံး နေ့လယ်စာ ချောမောစွာ စားနိုင်ကြမည်မဟုတ်။

အားလုံးထွက်သွားသောအခါ ကျွန်တော် ရေချိုးခန်းဝင်သည်။ ပြန်ထွက်လာသောအခါ ဂျော့ကို အရက်တစ်ခွက်နှင့် တွေ့ရ၏။

ကျွန်တော်က အခန်းကို "ဘယ်လိုသဘောရသလဲ" မေးသောအခါ သူက ပြုံးသည်။ ပြီးတော့ "မထူးပါဘူး ဂျော်နီရာ...၊ ကိုယ်တုံးလုံးပုံလေးငါးပုံ ထပ်ချိတ်လိုက်ရင် ပိုခေတ်မီတာပေါ့။ ဘာပဲပြောပြော နိပ်ပါတယ်" ဟု ထင်မြင်ချက်ပေးသည်။ နောက် နှစ်ယောက်သား နေ့လယ်စာ စားရန်ထွက်လာကြ၏။

ရှော စားသောက်ခန်းကို လူများ၍ ကျွန်တော်က မသွားချင်။ သက်တံရောင်ကိုမူ ဂျော့က မြင့်၍ မတက်ချင်၊ နောက်ဆုံး... အာရ်–စီ–

mgyee.com

mgyoe.com SAMPLE BOOK

အရှေ့မှ အင်္ဂလိပ်ဆိုင်ကိုပဲ အတည်ပြုလိုက်ကြ၏။ ဆိုင်ရောက်သည်နှင့် ကျွန်တော့်အတွက် သိုးသား၊ ဂျော့အတွက် ဆလတ်။ ဂျော့သည် ဝလွန်းသဖြင့် အသားဆင်ခြင်သည်။ အစားအသောက်မလာမီ ဂျော့က ကျွန်တော့်ကို ကြည့်သည်။

"ဂျော်နီ... ပြန်ပြီး မငယ်ချင်ဘူးလား ဟင်"

"ဟာ... ဘယ့်နှယ်ပြောပါလိမ့်"

ကျွန်တော့်စကားဆုံးသည်နှင့် ဂျော့က မျက်နှာ ကွက်ခနဲ ပျက်သွားပြီး "ဆောရီး ဂျော်နီ၊ ကိုယ် မေ့သွားတယ်" ဟု တစ်ဆက်တည်းပင် တောင်းပန်ပါသည်။ ကျွန်တော်က ပြုံးလိုက်ပါ၏။

"မလိုပါဘူး ဂျော့ရယ်... ကျွန်တော်လည်း မေ့နေပါပြီ။ သတိတောင် မရတော့ပါဘူး"

သူက ဘာမျှမဖြေ။ သူက ကျွန်တော် မငယ်ချင်ဘူးလား မေးပြီးမှ တောင်းပန်ခြင်းမှာ ကျွန်တော်၏ မရှိတော့သော ညာဘက်ခြေထောက်ကြောင့် ဖြစ်သည်။ စစ်မြေပြင်မှာ ကျွန်တော် ညာခြေတစ်ချောင်း ဆုံးခဲ့ရပါသည်။ ကြာလည်းကြာပြီမို့ ယခု လူတွေက ကျွန်တော့် ညာခြေထောက် အတုတပ်ထားမှန်းမသိကြတော့ပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဘယ်လိုမှ မအောက်မေ့တော့။ သို့သော် ဖြစ်ပြီးစ ဆေးရုံပေါ်တွင်မူ ကျွန်တော်ကလည်း ငယ်တုန်း၊ လောကကြီးတစ်ခုလုံး ပျောက်ဆုံးပြီလို့ အောက်မေ့နေခဲ့ပါသည်။ ထိုစဉ် ဆေးရုံမှာ ပီတာက ပြောဖူးပါသည်။

"ဒီမှာ... ဂျော်နီ၊ မင်းခြေထောက်တစ်ဖက်မရှိတော့ ဘာဖြစ်တုံး။ လူဆိုတာ ဘယ်ပေါ်လမ်းလျှောက်နေသလဲဆိုတာက အဆုံးအဖြတ်ပေးတာ မဟုတ်ဘူးကွ။ နားရွက်နှစ်ဖက်ကြားထဲမှာ ဘာရှိသလဲဆိုတာက ဆုံးဖြတ်တာ။ လာစမ်းပါ... အလုပ်ထဲ ပြန်ခဲ့စမ်းပါ။ နောက်ခဏကြာရင် လူတွေကလည်း မေ့၊ မင်းကလည်း မေ့သွားမှာပါ"

မှန်ပါသည်။ ပီတာပြောသည့်အတိုင်း ကျွန်တော် အလုပ်ထဲ ပြန်လာခဲ့ရာ ခြေထောက်တစ်ဖက်မရှိတော့မှန်း ကျွန်တော်ကလည်း မေ့၊ လူတွေကလည်း မေ့သွားကြသည်ကမူ မှန်ပါသည်။ သို့သော် ညတစ်ည။ အထူးသဖြင့် တစ်ည။ ဂျူစီက ကျွန်တော့်ကို တစ်ပေါင်ကျိုးကများဟု နာနာ

mgyoe.com

mgyoe.com
SAMPLE BOOK


ကြည်းကြည်း ပြောလိုက်တော့မှ ကျွန်တော် ပြန်သတိရသွားဖူးပါသည်။

ထိုစဉ် ဘွိုင်က အစားအသောက်များ ပို့လာရာ ကျွန်တော်တို့နှစ်ယောက် စားသောက်ကြပါသည်။ စားရင်းပင် ကျွန်တော်က...

"ဂျော့..."

"ဟေ..."

"ခင်ဗျား ဖုန်းမဆက်ရင် ကျွန်တော်က ဖုန်းဆက်မလို့ပဲ"

"ဟုတ်လား၊ ဘာဖြစ်လို့..."

"အလုပ်ကိစ္စပေါ့ဗျာ"

ဂျော့သည် ကျွန်တော့်ကို သေချာကြည့်ပါသည်။ ပြီးမှ...

"ကဲပါ... သိုင်းဝိုင်းမနေပါနဲ့၊ ကိုယ် ဘာလုပ်ပေးရမလဲ ပြော"

"လိုရင်းကတော့ဗျာ... ကချလာ တစ်ဆယ်ကားကို ခင်ဗျား ရုံတွေမှာ ပြပေး"

"ဟ... ဟ... ငါ့ရုံတွေ ပိတ်ပစ်ရအောင်လို့လားကွာ"

"ဒီလောက်လည်း မဆိုးပါဘူးဗျာ။ ကျွန်တော် ထပ်ကြည့်ပြီးပါပြီ။ ဒီလိုလုပ်ဗျာ ဂျော့၊ အဆင်ပြေသလို ဖြတ်၊ ပြုပြင်၊ ပြီးတော့... တစ်ကြိမ်ပြကို ကိုးဒေါ်လာ ၅၀ ပဲထား၊ အကြိမ် ၅၀၀ ပြပြီးတာနဲ့ ကျန်တာ အလကားယူတော့"

ဂျော့သည် ချက်ချင်းပြန်မဖြေ။ ကျွန်တော်သည်လည်း ရုတ်တရက် မဆက်ဘဲ အစားဆက်စားနေလိုက်ပါသည်။ အမှန်အားဖြင့် ကျွန်တော်၏ ဈေးစကားမှာ မဆိုးပါ။ ဂျော့တွင် ရုံ ၁၀၀၀ နီးပါး ရှိသည်။ တစ်ရုံ တစ်ကြိမ်ပြဦးတော့ အကြိမ် ၅၀၀ ထက် ကျော်သဖြင့် ဂျော့ အလကားရနေပြီ။ သည်တော့ ကျွန်တော်က စကားဆက်သည်။

"အဟုတ်ပါ... သတင်းစာတွေ ဝေဖန်ရေးဆရာတွေက ကချလာ တစ်ဆယ်လို့ နာမည် ပေးသာထားတာပါဗျာ။ သူတို့ပြောသလောက် မဟုတ်ပါဘူး။ သူတို့ထက်ညံ့တာတွေ တစ်ပြုံတစ်ခေါင်းကြီး ကျွန်တော် ကြည့်ဖူးပါတယ်။ လူတွေက ကြည့်မှာပါ"

"ကဲပါလေ... ဒီလောက်လည်း ဆွယ်မနေပါနဲ့၊ ဂျော်နီ ရောင်းရင် ကိုယ်က ဝယ်မှာပါ"

mgyoe.com

mgyoe.com SAMPLE BOOK


"ပြီးတော့... ငွေလည်း တစ်ခါတည်း ကြိုလိုချင်တာနော်"

"အေးပါကွာ၊ ရပါတယ်"

"ကျေးဇူးပါပဲဗျာ၊ ဂျော့ဟာ ကယ်တင်ရှင်ပါပဲ"

ဂျော့သည် မျက်နှာကြီးရှုံ့ပြီး "ထားစမ်းပါ" ဟု ရယ်မောကာ ပြောလိုက်၏။ ထိုစဉ် ဘွိုင်ရောက်လာသဖြင့် ကျွန်တော့်အတွက် ကော်ဖီ၊ ဂျော့အတွက် ကော်ဖီကြမ်း မှာလိုက်ကြသည်။ ထိုစဉ် ဂျော့သည် တစ်စုံတစ်ရာ သတိရဟန်နှင့် "ပီတာနှင့် တွေ့သေးသလား" ဟု မေးလိုက်သည်။

ကျွန်တော်သည် ကော်ဖီသောက်ရင်း နင်သလိုဖြစ်သွားကာ ကော်ဖီကို မြန်မြန်မျိုလိုက်ရ၏။

"ဟင့်အင်း... မတွေ့တာ ခြောက်လလောက်ရှိသွားပြီ"

"ဟုတ်လား၊ ဒါဖြင့်... မင်း ဖုန်းလေးဘာလေး ဆက်ဖို့ကောင်းတယ်ကွ၊ သူကလည်း မင်းဆီက အကျိုးအကြောင်းလေး ကြားချင်မှာ"

"ကြားချင် သူကဆက်ပေါ့"

"ခုထိ စိတ်နာတုန်းပဲလား ဂျော်နီ"

"စိတ်မနာတော့ပါဘူး၊ စိတ်ပျက်သွားတာပါ။ သူက ဒီရုပ်ရှင်လုပ်ငန်းကြီးကို သူ့လက်က ခိုးယူတဲ့ သူခိုးထဲမှာ ကျွန်တော့်ကို အပါအဝင်လို့ အောက်မေ့ထားတာဗျ"

"ခုအချိန်ဆိုရင်တော့ အဲဒီအထင်ဟာ ရှိတော့မယ်မဟုတ်ပါဘူးကွာ"

"အို..., သူများစိတ်ထဲက အထင်ကို ကျွန်တော်က ဘယ့်နှယ်သိမှာတုံး။ အဲဒီညက ကျွန်တော်က ပြောတယ်။ ပီတာ ခင်ဗျား ရှယ်ယာတွေကို ရောင်းရင်ရောင်း၊ မရောင်းရင် အားလုံးရှုံးသွားလိမ့်မယ်ဆိုတော့ သူက ကျွန်တော့်ကို ရွှန်ဆန်ရဲ့ သူလျှို ဒလန်လို့ စွပ်စွဲတယ်လေ။ သူ့ကျောကို ဓားနဲ့ထိုးတယ်၊ လူယုံသတ်တယ်ပေါ့။ စောစောက ဘာလို့ မပြောတာတုံးတဲ့။ ကျုပ်က ဘယ်လိုပြောရမှာတုံး။ အိုဗျာ–တော်ကြပါစို့၊ ဒီအကြောင်းတွေ ကျွန်တော် မပြောချင်တော့ပါဘူး"

ဂျော့သည် သက်ပြင်းချလိုက်၏။ ပြီးမှ သူ့အိတ်ထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်သည်။ နောက် ကျွန်တော့်မျက်နှာကို

mgyoe.com

mgyoe.com SAMPLE BOOK

သေသေချာချာ ကြည့်ပြီးမှ ဖြည်းဖြည်းချင်း စကားတစ်ခွန်းပြောပြန်၏။

"ဒါဖြင့် ဒေါရစ်ကိုကောကွာ"

"ဒေါရစ်လား၊ သူ့အဖေနဲ့ နေခဲ့တာပဲဟာ။ နောက်ထပ် သူနဲ့လည်း အဆက်အသွယ်မရပါဘူး"

ပြောပြီးသည်နှင့် ကျွန်တော့်အသည်းများ ဆတ်ဆတ်ခါ နာကျင်လာပြန်ပါသည်။ ကျွန်တော့်အတွက် အစစအရာရာ အဆင်ပြေပြီဟု ထင်နေဆဲမှာပင် အားလုံးက ညို့ညို့မှိုင်းမှိုင်း မှားမှားယွင်းယွင်းတွေ ဖြစ်လာသည်။ ဂျော့ကမူ အေးအေးဆေးဆေး။

"အေးလေ၊ သူ့အဖေနဲ့ မနေလို့ ဘာလုပ်ရမှာတဲ့လဲကွ။ ငါ ဒေါရစ်ကို သိပါတယ်ကွာ၊ တကယ့်အလိမ္မာလေးပါ။ သူ့အဖေကြီး ဒီလို အားလုံး ဆုံးရှုံးသွားတဲ့အချိန်မှာ အဖေ့နားမှာ သမီးလိမ္မာက ရှိရမှာပေါ့"

ဂျော့၏ ဒေါရစ်အပေါ် ချီးကျူးစကားများမှာ မှန်ပါသည်။ ကျွန်တော်သည်လည်း ဒေါရစ်ကို သိပြီးသား။ ဒေါရစ်၏ အဆုံးအဖြတ်မှန်ကြောင်း ရင်ထဲက နားလည်ပြီးသား ဖြစ်ပါသည်။ သို့သော်၊ သို့သော်၊ ကျွန်တော်လည်း လူဖြစ်ပါသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း သူ့သမီးကို သူ့အဖေ ပစ်ခဲ့ရမယ်လို့ မဆိုလိုပါဘူး။ ကျွန်တော် သိတာ တစ်ခုပဲရှိတယ်။ ကျွန်တော် ဒေါရစ်ကို ချစ်တယ်။ ပြီးတော့ လက်ထပ်ယူချင်တယ်၊ ဒါပဲ"

"ဒါဖြင့် ပီတာကို ဘယ်လိုလုပ်မလဲကွာ"

ဂျော့က ထိုစကား ပြောလိုက်သော်လည်း ထိုစကားအတွက် ကျွန်တော်က ဖြေရန်မလိုတော့ပါ။ ...ကျွန်တော်က ဖြေရန် မလိုတော့သလို ဂျော့ကလည်း အဖြေသိရန် မလိုတော့ပါ။ ကျွန်တော်တို့၊ ဂျော့တို့၊ ပီတာတို့မှာ ငယ်ပေါင်းများ၊ ကျွမ်းဟောင်းများ၊ အူသိမ်အူမ မကျန် သိပြီးသားများ ဖြစ်ပါသည်။

နှစ်ယောက်သား စကားမပြောနိုင်တော့ဘဲရှိနေစဉ် ဘွိုင်လာသဖြင့် ဂျော့က ငွေရှင်းလိုက်သည်။ ပြီး နှစ်ယောက်သား ထ၍ထွက်လာကြသည်။ ခွဲခါနီးမှ ဂျော့က သူ့လက်ကို ကမ်းပေးသည်။ ကျွန်တော်က သူ့လက်ကို ဆုပ်လိုက်ပါသည်။ သူ့လက်မှာ နွေးထွေးလှပါသည်။ သူက...

mgyoe.com

mgyoe.com SAMPLE BOOK


"ပီတာဆီ ဖုန်းဆက်လိုက်ပါကွာ။ မင်းတို့နှစ်ယောက် နေသာသွားကြမှာပါ"

ကျွန်တော်က ဘာမျှမဖြေ။

"ဂျော်နီ၊ ဥက္ကဋ္ဌနေရာကို ဖာဘာမရဘဲ မင်း ရတဲ့အတွက် ငါ ဝမ်းသာပါတယ်။ ပီတာလည်း ဝမ်းသာမှာပါ။ ကဲ... ငါသွားမယ်"

ဂျော့ ထွက်သွားသည်နှင့် ကျွန်တော် အခန်းပြန်ခဲ့ပါသည်။

အခန်း၌ မည်သူမျှမရှိ၊ ဂျင်နီလည်း မရှိ။

စားပွဲပေါ်တွင် စာများက တစ်ပြုံတစ်ခေါင်း။ စာများကို စာဖိသည့် ကြေးရုပ်တုကလေးက ဖိထားသည်။ ကြေးရုပ်တုကလေးမှာ တခြားလူ၏ ပုံမဟုတ်ပါ၊ ပီတာ၏ပုံ ဖြစ်ပါသည်။

ကြေးရုပ်တုထဲမှ ပီတာသည် ဆံပင်ကလည်း ပိုများ၊ မေးရိုးကလည်း ပိုကား၊ ပိုပြီး တိကျရိုးသားသည့်အသွင်ကို ဆောင်နေပါသည်။ သည်ပုံကလေးကို ပီတာကိုယ်တိုင်က ပန်းပုဆရာတစ်ယောက် အထုခိုင်းပြီး ကြေးရုပ်တုများ သွန်းစေခဲ့ပါသည်။ နောက် ကုမ္ပဏီတစ်ခုလုံး၏ စားပွဲအားလုံးတွင် စက္ကူဖိရန် ပီတာက ပေးခဲ့ပါသည်။ ကျွန်တော်သည် သူနှင့် ရင်မဆိုင်လိုသဖြင့် ရုပ်တုလေးကို ပထမ ရေချိုးခန်း ပုလင်းများထားရာတွင် တင်ထားလိုက်ပါသည်။ ထွက်လာသည်နှင့် စိတ်က မသန့်ပါ။ ကြေးရုပ်ကလေး ပီတာကလည်း ကျေနပ်ဟန်မတူပါ။ သို့နှင့် ပြန်ယူလာပြီး မီးလင်းဖိုဆောင် အပေါ်ဘောင်ပေါ်တွင် ခံ့ညားစွာ ပို့ထားလိုက်ရပါတော့သည်။ သည်တော့မှ ကြေးရုပ်ကလေးက "ဒီလိုမှပေါ့ ဂျော်နီရ"ဟု ပြောနေသယောင်။

ညနေ သုံးနာရီထိုးသောအခါ လယ်ရီရွှန်ဆင်သည် ကျွန်တော့်အခန်းထဲ ဝင်လာ၏။ သူ၏ ပြည့်သော၊ ဝသော၊ ဝိုင်းသော မျက်နှာနှင့် ကျွန်တော့်ကို ပြုံးပြသည်။

"အားလုံး အဆင်ပြေပါတယ်နော်"

"ပြေပါတယ် လယ်ရီ"

"ဂျော့နဲ့ ဘာတွေစီစဉ်ခဲ့သတုံး"

ကြည့်စမ်း၊ သူ့စပိုင် သူ့လူတွေက ဘယ်လောက်များပါသနည်း။ နေ့လယ်ကမှ ဂျော့နှင့်တွေ့သည်။ ယခု သူက မေးနေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK


"ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ ကျုပ်တို့ ကုမ္ပဏီက ရောင်း မစွံတဲ့ ကချလာတစ်ဆယ် ကားထုပ်တွေကို ဒေါ်လာ ၂၅၀,၀၀၀ နဲ့ အပြတ် ရောင်းလိုက်တာပါပဲ"

"ဟေ... ဟုတ်လား"

"ဟုတ်တယ်၊ ငွေလည်း ကြိုယူလိုက်တယ်။ နက်ဖြန် ငွေချေလိမ့် မယ်"

ရွှန်ဆင်၏ မျက်နှာမှာ ပြုံးသွားပါသည်။

"ကိုယ်သိတယ်၊ ကိုယ်သိတယ်။ ဂျော်နီတစ်ယောက်ပဲ ဒီရုပ်ရှင် ကုမ္ပဏီကြီးကို နာလန်ပြန်ထူအောင် လုပ်နိုင်မယ်လို့"

ထိုအချိန်မှာပင် ဖုန်းက မြည်လာသည်။ ကိုင်လိုက်ရာ ဂျင်နီ့အသံက ပထမ ကြားရသည်။ "ကာလီဖိုးနီးယားက ဒေါ်ရစ်ကိုင်ဇလာဆီက ဖုန်းပါ"

ကျွန်တော် အသက်ရှူ ခဏရပ်သွားပါသည်။ ပြီးမှ...

"တင်လိုက်လေ" ဟု ပြောလိုက်၏။

တယ်လီဖုန်း လိုင်းတင်ပေးလိုက်သောအသံ ကြားရပြီးနောက် ဒေါ်ရစ် အသံက ဖုန်းထဲမှာ ပေါ်လာသည်။

"ဟယ်လို... ဂျော်နီလား"

"ဟုတ်ပါတယ်၊ ဂျော်နီပါ ဒေါ်ရစ်"

ဒေါ်ရစ် ဘာကြောင့် ဖုန်းဆက်ပါလိမ့်ဟု ကျွန်တော် တွေးသည်။ ဖုန်းထဲမှ ဒေါ်ရစ်အသံမှာ တစ်မျိုးကြီးဟု အောက်မေ့သည်။

"ပါပါ ရောဂါသည်းလာတယ် ဂျော်နီ၊ ဂျော်နီ့ကို ခေါ်ပေးပါတဲ့"

"ဟင်... ဘယ်တုန်းကလဲ၊ ဘာဖြစ်တာလဲ"

"လွန်ခဲ့တဲ့ နှစ်နာရီလောက်က။ ဖြစ်တာကတော့ စပိန်က ကြေးနန်း လာတယ်။ မတ် တိုက်ပွဲမှာကျတဲ့ကြေးနန်း၊ ကြေးနန်းကိုဖတ်ရင်း ပါပါ လဲကျသွားတာ။ ဆရာဝန် ချက်ချင်းခေါ်တော့ ဆရာက နှလုံးခဏရပ် သွားတာလို့ ပြောတယ်လေ။ သိပ်ကြာကြာခံမယ် မထင်ဘူးတဲ့။ တစ်ရက် လား၊ နှစ်ရက်လားပဲတဲ့။ အဲဒီအချိန်မှာ ပါပါက မျက်စိဖွင့်ပြီး ဂျော်နီကို ခေါ်ပေးပါတဲ့၊ သူ ဂျော်နီကို စကားပြောချင်တယ်တဲ့"

ဒေါ်ရစ်သည် စကားများကို စီကာပတ်ကုံးမဟုတ်ဘဲ ပြောချင်သလို

mgyoe.com

mgyoe.com SAMPLE BOOK


ပြောရင်း ငိုပါတော့သည်။

ကျွန်တော်သည် ခဏမျှ ငိုင်သွားပြီး အလျင်အမြန်ပင်...

"မငိုနဲ့... ဒေါ်ရစ်၊ မငိုနဲ့လေ။ ကိုယ် ခုညတွင်းချင်း လာခဲ့မယ်၊ မငိုနဲ့ စောင့်နေ..."

"ကိုယ် စောင့်နေပါတယ်၊ ဂျော်နီရယ်...."

ဒေါ်ရစ်ဘက်မှ ဖုန်းချလိုက်သော်လည်း ကျွန်တော်က ဖုန်းကို ရုတ်တရက်မချနိုင်။ ပြီးမှ သတိရပြီး ဖုန်းကို အမြန်ချကာ ဂျင်နီမှတစ်ဆင့် ပထမဆုံး ကာလီဖိုးနီးယားသို့ထွက်မည့် လေယာဉ်လက်မှတ် အယူခိုင်း လိုက်ပါသည်။

သည်တော့မှ စားပွဲရှေ့မှ ထိုင်နေသော ရွှန်ဆင်ကို သတိရမိပါသည်။ သူက...

"ဘာဖြစ်တာလဲ... ဂျော်နီ..."

"ပီတာ နလုံးခဏရပ်သွားလို့တဲ့၊ အဲဒါ ကျုပ် အခု လိုက်သွားမလို့"

ကျွန်တော်သည် သူ့ကို စကားပြောပြီး စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရာ လက်များသည် မငြိမ်မသက် တုန်ယင်နေပါလေ၏။

ရွှန်ဆင့်မျက်နှာမှာ မကျေနပ်သော အရိပ်အယောင်များ ပေါ်လာ၏။

"ဒီလိုထွက်သွားရင် ဒီကအလုပ်တွေ ဘယ်လိုလုပ်မလဲ..."

"ဘယ်တတ်နိုင်မလဲ၊ သုံးလေးရက် စောင့်ကြပေါ့..."

ရွှန်ဆင်သည် ထိုင်ရာမှ ထလိုက်၏။

"ဂျော်နီ ဘယ်လိုခံစားနေရတယ်ဆိုတာ ကိုယ် စာနာပါတယ်။ ဒါပေမဲ့... ဂျော်နီ အခုလို ဥက္ကဋ္ဌရာထူးကို လက်ခံပြီးပြီးချင်း ရုတ်တရက် ခရီးထွက်သွားရင် ဘုတ်အဖွဲ့က ကျေနပ်မယ် မထင်ဘူးလေ..."

သူ့အသံက ခြိမ်းခြောက်သံလိုလို ပြီးမှ ခပ်ပြေပြေနှင့်...

"ပြီးတော့လည်း ဟိုရောက်ရင် ဂျော်နီက ဘာတတ်နိုင်မှာမှတ်လို့..."

ကျွန်တော်သည် ထိုင်နေရာမှ တဖြည်းဖြည်းထရင်း သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပါသည်။

"ဘုတ်အဖွဲ့က မကျေနပ်ရင် လဲသေကြပေါ့..."

ထိုစကားလုံးတို့သည် ရွှန်ဆင်ကို အတော် နာသွားစေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သူသည် ချက်ချင်းထပြီး ထွက်သွားသည်။ အမှန်တော့ ဘုတ်အဖွဲ့ဆို သည်ကလည်း ရွှန်ဆင်ပဲ မဟုတ်ပါလား။ သည်တော့ ရွှန်ဆင်က မကျေနပ်ဘူးလား၊ အေး ... မကျေနပ်ရင် သူပါ လဲသေပါပဲ။ ကျွန်တော်သည် ရွှန်ဆင် ထွက်သွားသော တံခါးကို ဆောင့်ပိတ်ပါသည်။

သည်လို ငနဲသားမျိုးက ပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀၊ ဖြတ်သန်းကျော်ဖြတ်လာခဲ့ရသော နှစ်ပေါင်း ၃၀ ကို ဘယ်မှာသိနိုင်ပါမည်လဲ...

သြော် နှစ်ပေါင်း ၃၀... နှစ်ပေါင်း ၃၀...။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အတိတ်

လွန်ခဲ့သော နှစ်ပေါင်း ၃၀၊ ၁၉၀၈ ခုနှစ်။

[၁]

ဂျော်နီသည် သူ၏ရှပ်အင်္ကျီကိုကိုင်ရင်း ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းထိုးသံကို နားထောင်လိုက်သည်။ ၁၁ ချက်၊ ၁၁ နာရီ၊ ရထားထွက်ရန် မိနစ် ၄၀ သာ လိုတော့၏။ ထိုအတွေးဖြင့် ပစ္စည်းများကို ကပျာကယာ သိမ်းဆည်းလိုက်၏။ သေတ္တာထဲတွင် စုပြုံထည့်လိုက်ပြီး အပေါ်မှ ဒူးနှင့်ဖိ၍ ပိတ်လိုက်၏။

သူသည် မတ်တတ်ရပ်လိုက်ပြီး သူ့ဝန်းကျင်ကို ကြည့်လိုက်သည်။ မှောင်ထဲမှာပင် သူ၏ ပြစက်ကလေးများမှာ ငုတ်တုတ်ကလေးတွေ တန်းစီပြီး သူ့ကို ပြောင်လှောင်နေကြသည့်အလား သူ၏ ဆုံးရှုံးမှုကို သရော်နေသည့်အလား။ သူသည် နှုတ်ခမ်းတင်းတင်းစေ့ပြီး မျက်နှာလွှဲလိုက်သည်။ သူ၌ တာဝန်တစ်ခု ကျန်နေသေးသည်။ သူ မလုပ်ချင်ဆုံးသော တာဝန်ဖြစ်သည်။ ထိုတာဝန်မှာ ပီတာအတွက် စာရေးရန်ဖြစ်သည်။ သူဘာကြောင့် ညကြီးသန်းခေါင် နှုတ်မဆက်ဘဲ ထွက်ပြေးရသည့်အကြောင်း။

ဟုတ်ပါသည်။ အကယ်၍ ပီတာသည် သူ့အပေါ်တွင် မကောင်းခဲ့လျှင် ဤပြဿနာသည် အရေးမကြီး၊ ယခုသော်ကား ပီတာသာမဟုတ်၊ ပီတာ၏ဇနီး အက်စသာကလည်း သူ့ကို သားအရင်းနှယ်၊ ပြီး ကလေးများကလည်း သူ့ကို အမြဲ 'အန်ကယ်ဂျော်နီ' ဟု ပါးစပ်ဖျားမှ မချကြ။ သူ

mgyoe.com

m.gyoe.com SAMPLE BOOK

တစ်သက်လုံး လိုချင်တောင့်တခဲ့သည့် အိမ်ထောင်စုများ...။

သူသည် စာရွက်နှင့် ခဲတံထုတ်လိုက်၏။ ထိပ်ဆုံးတွင် 'ချစ်စွာသော ပီတာ' ဟု ခေါင်းစဉ်တပ်လိုက်၏။

"ပီတာနဲ့ ကြုံခဲ့၊ ဆုံခဲ့၊ သိခဲ့ရတာ အလွန်ဝမ်းသာစရာ ကောင်းပါတယ်။ အစစ အရာရာအတွက် ပီတာ့အပေါ်မှာ ကျေးဇူးတင်မဆုံးပါဘူး။ တွေ့တွေ့ချင်း ပီတာ သတိပေးခဲ့တဲ့စကားဟာ အမှန်ပါပဲ။ ဒီနေရာမှာ ကျွန်တော် ဆိုင်ဖွင့်ဖို့ မကောင်းပါဘူး"

စာရေးရင်း သူ ဒီမြို့ကလေးကို ဒေါ်လာ ၅၀၀ ပိုက်ပြီး ရောက်လာပုံကို ပြန်မြင်လာ၏။ ရီချက်စတာမြို့သို့ သူ ရောက်လာချိန်တွင် ဂျော်နီ၏အသက်သည် ၁၉ နှစ်သာ ရှိသေးသည်။ မိဘမရှိ၊ တစ်ကောင်ကြွက် နယ်လှည့်ဇာတ်အဖွဲ့မှာ လိုက်ပါခဲ့ပြီး၊ ယခု အတည်တကျ လုပ်ကိုင်နေထိုင်တော့မည့် ရည်ရွယ်ချက်နှင့် မိတ်ဆွေတစ်ဦး၏ ဖောက်သည်ချချက်အရ ၁၀ ပြားထည့်စက်များ အဆင်သင့် လက်တင် လုပ်ငန်းစနိုင်ကြောင်း သိရ၍ ရီချက်စတာမြို့ကို လာခဲ့ခြင်းဖြစ်သည်။

ပီတာအနေနှင့်လည်း ဂျော်နီကို မြင်မြင်ချင်း သဘောကျခဲ့ပါသည်။ သို့ကြောင့်လည်း ဆိုင်ခန်းပိုင်ရှင်တစ်ဦး မပြောထိုက်သောစကားနှင့် စခဲ့ပါသည်။

"ကျွန်တော့်အလုပ်တော့ မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမဲ့ ဒီအရိပ်ပြစက်လုပ်ငန်းဟာ ဒီမြို့ ဒီနေရာမှာ စွံမယ် မထင်လှဘူးနော်"

ဂျော်နီသည် ငွေသာပေးရမည် ထင်ခဲ့၏၊ အကြံပေးလိမ့်မည်ဟု မထင်။ ထို့ကြောင့် မျက်ကြောရှုံ့လိုက်သည်။

"ဘာကြောင့်များပါလိမ့်ခင်ဗျာ"

"သြော်... အရင်လူတွေက ရှုံးသွားဖူးလို့ပါ"

ဂျော်နီကမူ ပြတ်သားပြီးသား...

"သူတို့က လုပ်ငန်းသဘော နားမလည်လို့နေမှာပေါ့လေ။ ပြီးတော့... လူကြီးမင်း စကားအတိုင်းပါပဲ။ ဒီကိစ္စဟာ လူကြီးမင်းရဲ့အလုပ်မဟုတ်ပါဘူး"

ပီတာသည် ထပ်မပြောတော့ဘဲ သုံးလစာ ကြို၍ တောင်းလိုက်သည်။

m.gyoe.com

mgyoe.com  SAMPLE BOOK 

ဂျော်နီကလည်း ချက်ချင်းပေးလိုက်၏။ နောက်တော့... ဖြူစင်သော နှလုံးသားရှိသည့် ပီတာတို့မိသားစုနှင့် ဂျော်နီ ခင်တွယ်ခဲ့ကြပါသည်။

ဂျော်နီသည် စီးကရက်တစ်လိပ် ထပ်မီးညှိလိုက်ပြီး စာကို ဆက်ရေးပြန်သည်။

"ယုံပါတော့ ပီတာ။ ကျွန်တော့်ပိုင်ငွေတွေ ရှုံးသွားလို့ ဝမ်းမနည်းပါဘူး။ ပီတာကိုဆပ်ရမယ့် ကြွေးကျန်နေတာကိုသာ စိတ်မကောင်းတာပါ။ ဒါလည်း စိတ်ချပါ။ ကျွန်တော့်ရဲ့ အရင်အလုပ်ရှင် နယ်လှည့်ပျော်ပွဲသဘင်ပိုင်ရှင် အယ်စန်တိုဆီမှာ အလုပ်ပြန်လုပ်ရင်း အမြန်ဆုံး ပို့ပေးပါ့မယ်"

အမှန်စင်စစ် သူသည် ပီတာတို့ မိသားစုကို ခင်တွယ်နေပြီ ဖြစ်ပါသည်၊ မခွဲချင်ပါ။ သူ၏ အလုပ်ဟောင်းထံသို့လည်း ပြန်မသွားချင်ပါ။ သို့သော် မတတ်နိုင်တော့၊ သူ စာဆက်ရေးရပြန်ပါသည်။

"ကျွန်တော် အခုလို နှုတ်မဆက်ဘဲ ခိုးကြောင်ခိုးဝှက် ထွက်သွားရတာ လုံးလုံး စိတ်မကောင်းပါဘူး။ ဒါပေမဲ့ အခြေအနေက မဖြစ်တော့လို့ပါ။ နက်ဖြန်ဆိုရင်ပဲ ကြွေးရှင်တချို့က လာဦးမယ်လေ။ ဒါကြောင့် ဒီနည်းကို အကောင်းဆုံးအဖြစ် ရွေးလိုက်ရတာပါ"

ဂျော်နီသည် သူ့ လက်မှတ်ကို ရေးလိုက်၏။ ပြီးမှ အောက်နားမှ...

"ဒေါရစ်နဲ့ မတ်ကိုပြောပါ။ ဒီမြို့ကို ကျွန်တော်တို့ ပျော်ပွဲသဘင်များ ရောက်လာခဲ့ရင် အကုန်လုံး အလကားကြည့်ရမယ်၊ အလကား စီးရမယ်၊ ဆော့ရမယ်လို့ ပြောပါ။ အစစ အရာရာအတွက် ထပ်ပြီး ကျေးဇူးတင်လိုက်ပါတယ်"

စာအဆုံးသတ်လိုက်သောအခါ ဂျော်နီ၏ရင်သည် ဝန်ထုပ်ကြီးတစ်ခု ပစ်ချလိုက်သလို ပေါ့သွား၏။

သူ၏ ပြားစေ့များထည့်၍ ဂဏန်းစက်၊ ပို့စကတ်များ ကြည့်ရသော စက် စသည် စသည့် လုပ်ငန်းဟောင်းစက်များကို နောက်ဆုံးအဖြစ် ကြည့်လိုက်ရင်း တံခါးပေါက်ဝမှာ ဂျစ်ပစီဘွားဘွားစက်ကြီးကို တွေ့ရပြန်ပါသည်။ ဂျစ်ပစီဘွားဘွားမှာ ဗေဒင်ဟောသောစက်ဖြစ်သည်။ ပြားစေ့ ထည့်လျှင် စက်က လှုပ်ရှားပြီး ဟောစာတမ်းတစ်ခု ထွက်သည်။

ဂျော်နီသည် ပဲနိတစ်စေ့ ထည့်လိုက်ပြီး စက်ကို မောင်းလိုက်စဥ်

mgyoe.com

mgyoe.com SAMPLE BOOK

မီးရထားဥသြသံ ကြားရသည်။ ဇေဒင်စာရွက်ကလေး ထွက်လာသည်နှင့် မကြည့်အားဘဲ ဘူတာဆီ ပြေးခဲ့သည်။

ထိုအချိန်၌ အပေါ်ထပ် အိပ်ခန်းတွင် ဒေါ်ရစ်သည် လန့်နိုးလာသည်။ အမှောင်ထဲ၌ ဘာမျှမမြင်ရ။ မြင်ရသော ပြတင်းမှ အပြင်သို့ကြည့်လိုက်ရာ လူတစ်ယောက် သေတ္တာတစ်လုံးဆွဲပြီး အဝေးသို့ ထွက်ပြေးနေသည်ကို တွေ့ရသည်။ "အန်ကယ်ဂျော်နီ" ဟု ဒေါ်ရစ် ယောင်ယမ်းအော်မိပြီး ကလေးတို့ဘာဝ ပြန်လည်အိပ်ပျော်သွားပါသည်။

ဘူတာသို့ ဂျော်နီ ရောက်သောအခါ ရထားက ထွက်ရန်ဖြစ်နေပြီ။ ဂျော်နီ အနီးဆုံးရထားတွဲပေါ်သို့ ခုန်တက်ပြီး နေသားတကျထိုင်ပြီးမှ ဂျစ်ပစီဘွားဘွား၏ ဟောစာတမ်းကို သတိရသည်၊ ဖြန့်လိုက်သည်။ ဟောစာတမ်းက သည်လို...

"သင်သည် ဘယ်တော့မှ ပြန်လာရန်မဖြစ်နိုင်တော့ဟု ယူဆ၍ ခရီးတစ်ခုကို ထွက်ရလိမ့်မည်။ သို့သော် သင်သည် ပြန်လာရမည်သာ ဖြစ်သည်။ ထင်တာထက်ပင် ပို၍ မြန်မြန်ပြန်လာရမည်။ ဘွားဘွား ဂျစ်ပစီ အားလုံးသိပါသည်"

ဂျော်နီသည် အော်၍ ရယ်မိပါသည်။

"ဘွားဘွားရေ... ခရီး ထွက်ရတာတော့ အမှန်ပါပဲဗျာ။ ကျွန်တော် ပြန်လာဖို့ကတော့ ဘွားဘွားပြောသလို မဖြစ်နိုင်တော့ပါဘူး။ ဘွားဘွား မှားပြီဗျို့"

ဟောစာတမ်းကလေးကို ပြေးနေသောရထားပေါ်မှ အမှောင်ထဲသို့ လွှင့်ပစ်ချလိုက်သည်။

သို့သော်... သို့သော် မှားသူက ဂျော်နီပင် ဖြစ်ပါသည်။

ဂျစ်ပစီဘွားဘွားက မှန်လေသည်။

[၂]

ပီတာ မျက်လုံးဖွင့်လိုက်သည်။ သူသည် နှစ်ယောက်အိပ်ခုတင်ပေါ်မှာ လဲလျောင်းလျက်ရှိနေဆဲ ဖြစ်သည်။ သူ့နံဘေးသို့ လက်ဆန့်လိုက်ရာ ဇနီး အက်စသာ အိပ်သွားသည့်ခေါင်းအုံးကိုသာ တွေ့ရတော့သည်။

mgyoe.com

ဇနီးသည် အက်စသာ စားရေးသောက်ရေးအတွက် မီးဖိုချောင် ဝင်ပြီ ထင်သည်။ သူသည် အိပ်ရာမှထပြီး ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။ နောက် မုတ်ဆိတ်ရိတ်ရန် ဆပ်ပြာဖျော်နေလိုက်၏။ ထိုစဉ်မှာပင် သားငယ် မတ် ဝင်လာ၏။

"ဖေဖေ သား ရှုးရှုးပေါက်ချင်တယ်"

"ပေါက်ပေါ့ကွာ... မင်းဘာသာမင်း၊ ကလေးမှမဟုတ်တာ"

မတ်သည် သူ့ဘာသာ ရှုးရှုးပေါက်ပြီး ပီတာ့အနား ကပ်လာပြန် ၏။

"ဘွန်တော် ကနေ့ မုတ်ဆိတ်မရိတ်ရဘူးလား ဟင်"

ပီတာသည် သားကို မင်သေသေဖြင့် ကြည့်လိုက်၏။

"မင်း မုတ်ဆိတ်ရိတ်ထားတာ ဘယ်နှရက်ရှိပြီလဲ..."

မတ်သည် လက်ချိုးရေပြီးမှ...

"တမြန်မနေ့က၊ ဒါပေမဲ့ ရှည်လာပြီ ဖေဖေရ"

"အေး... အေး... ဒါဆိုလည်း ရိတ်ပေါ့ကွာ။ ရော့ ဆပ်ပြာသုတ် ထား..."

ပီတာသည် ဆပ်ပြာခွက်ကို ပေးလိုက်ပြီး၊ သူကိုယ်တိုင်ကမူ မုတ်ဆိတ် စရိတ်၏။ မတ်သည် သူ့မေးစေ့နှင့် နှုတ်ခမ်းများကို ဆပ်ပြာ လိမ်းပြီး ဖခင်ကြီး မုတ်ဆိတ်ရိတ်တာကို စောင့်ကြည့်နေ၏။ ပီတာသည် မုတ်ဆိတ်ရိတ်ပြီးသည်နှင့် သားကိုကြည့်လိုက်၏။

မတ်သည် သူ့မေးစေ့ ထိုးပေးရင်း မျက်စိမှိတ်ထားလိုက်သည်။

"ဖြည်းဖြည်းနော် ဖေဖေ၊ ဓားမရှစေနဲ့"

"အေးပါကွာ၊ မရှစေရပါဘူး"

ပီတာသည် စိတ်ရှည်လက်ရှည်ပင် သင်တုန်းဓားအနောင့်နှင့် ဆပ်ပြာ များကို သပ်ချလိုက်၏။ ပြီး...

"ကဲ... ပြီးပြီ... လာ သွားကြစို့၊ ကော်ဖီသောက်ရအောင်"

သားအဖနှစ်ယောက် ကိုယ့်ကုလားထိုင်တွင် ထိုင်လိုက်ကြ၏။ ထိုစဉ် သမီး ဒေါ်ရစ်က အနားလာပြီး သူ့အဖေ၏ပါးကို နမ်းလိုက်သည်။

"ကောင်းသော နံနက်ပါ ဖေဖေ"

mgyoe.com

mgyoe.com SAMPLE BOOK


ပီတာသည် သူ၏ မိသားစုအတွက် ဝမ်းသာပီတိဖြစ်သည်။ သူ့ဇနီး အက်စသာမှာ ဇနီးကောင်း ပီသသည်။ အိမ်ထောင်မှု ထိန်းသိမ်းတတ်သည်။ ပြီးတော့ သူ့ကိုချစ်သည်၊ ယုယသည်၊ စောင့်ရှောက်သည်။ သူ၌ ရွှေရောင်ဆံပင်လှလှကလေးနှင့် သမီး ဒေါရစ်ရှိသည်။ ချစ်စရာကောင်းသော သားကလေး မတ်ရှိသည်။ ဘာများ လိုသေးပါသနည်း။

မတ်က သူ့ပန်းကန်ထဲသို့ ကြက်ဥနှင့်အသား ထည့်ပေးနေသော အမေကို ကြွားလိုက်သည်။

"မေမေ သားသား မုတ်ဆိတ်ရိတ်ထားတာဗျ..."

အက်စသာက ပြုံးသည်။ "မြင်ပါတယ် သားရယ်၊ ကောင်းပါတယ်၊ လှပါတယ်"

မတ်သည် ထိုမျှနှင့် အားမရ...

"သားဘာသာ ဘယ်တော့မုတ်ဆိတ်ရိတ်ရမှာလဲဟင်"

ဒေါရစ်သည် မနေနိုင်တော့ဘဲ ရယ်လိုက်၏။

"မောင်လေးက ကလေးရှိသေးတာပဲကွ။ အခုလည်း မုတ်ဆိတ်ရိတ်ဖို့ မလိုသေးပါဘူး..."

မတ်က မခံချင်...

"အံမာ ဘာလို့မလိုရမှာလဲ၊ လိုလို့ အခုတောင် ရိတ်ပြီးပြီ..."

"ဟော့... တော်ပြီလေ... ကိုယ်စားစရာရှိတာ စားကြ..."

အက်စသာစကားကို သမီးနှင့် သားသည် ဘာမျှမပြောတော့ဘဲ သူတို့ စားစရာရှိတာကိုသာ စားသောက်နေကြတော့သည်။ ပီတာသည် စားသောက်နေရင်း သူ၏ ကုန်စုံဆိုင်ဖွင့်ရန် အထနေ့းနေ၏။ ရှစ်နာရီကျော်ကျော်မှ ဆိုင်ဖွင့်ရန် ထွက်သွားသည်။

နေ့လယ် ၁၁ နာရီလောက်အရောက်တွင် အလုပ်သမားတစ်ယောက် ဝင်လာပြီး ပီတာနှင့်တွေ့သည်။

"ဟိုဘက်ခန်းကလူ ဘယ်အချိန် ဖွင့်တာလဲခင်ဗျ"

ဂျော်နီ အက်(ဂျ)၏ အခန်းကို လက်ညှိုးထိုး၍ မေးသည်။

ပီတာသည် ထိုလူ၏ကိစ္စကို သိချင်သည်။

"၁၂ နာရီလောက် ဖွင့်တတ်တာပဲ၊ ဆိုဗျ–ကိစ္စ..."

mgyoe.com

mgyoe.com SAMPLE BOOK


"ဩော် စက်တစ်ခု သူ့အတွက်လာပို့တာပါ။ သူ့အခန်းက ပိတ်ထားလို့ ခက်နေတာ။ ကျုပ်ကလည်း နောက်တစ်ခေါက် ပြန်မလာနိုင်ဘူး"

"တံခါးခေါက်ကြည့်ပါဦးလေ၊ သူက အဲဒီနောက်ဖေးခန်းထဲမှာ အိပ်တာပဲ..."

"ခေါက်ကြည့်ပြီးပြီဗျ၊ မရဘူး..."

"ဟုတ်လား... ဒါဖြင့် ခဏနေဦးလေ။ ကျုပ်ဆီမှာလည်း အဲဒီအခန်းဖွင့်တဲ့သော့ရှိပါတယ်"

ပီတာသည် အံဆွဲထဲမှ ဂျော်နီ့အခန်းဖွင့်သည့် သော့ကိုယူပြီး တစ်ဖက်ခန်းကို ကူးသွား၏။ တံခါးခေါက်ကြည့်သည်၊ မရ။ သော့ဖွင့်ကြည့်ကြပြန်သောအခါလည်း ဂျော်နီကို မတွေ့ရ...

"ကဲ... ဂျော်နီတော့ မရှိဘူးဗျ၊ အပြင်ထွက်လည်နေပြီနဲ့ တူတယ်။ ထားစရာရှိရင်ထားခဲ့လေ"

အလုပ်သမားသည် ဘာမျှမပြောတော့ဘဲ သူယူလာသော စက်ကိုသာ အခန်းထဲသွင်းလိုက်၏။ ပီတာသည် သူ မမြင်ဖူးသော ထူးဆန်းသည့် ပုံသဏ္ဌာန်ရှိသည့် စက်ကို စိတ်ဝင်စားသွားသည်။

"နေပါဦးဗျ၊ ဒါက ဘာလုပ်တဲ့စက်လဲ"

"ရုပ်ရှင်ပြစက်ဆိုတာလေ၊ ဟိုဗျာ ပိတ်ကားပေါ်ကို လှမ်းပြီးပြလိုက်ရင် အရုပ်တွေက လှုပ်လာတယ်ဆိုတဲ့ စက်ဟာကော..."

ပီတာသည် တအံ့တသြနှင့် ၎င်းပြစက်ကို ကြည့်ပြန်၏။

"အင်း... နောက်ထပ် ဘာတွေများ ထွင်ကြဦးမလဲ မသိဘူးနော်။ ဒါထက်... ပြတော့ ဘယ့်နှယ်နေသလဲ။ အရုပ်တွေက တကယ်လှုပ်သလား"

အလုပ်သမားက ခေါင်းညိတ်သည်။

"လှုပ်တယ်ဗျ၊ ကျုပ် နယူးယောက်မှာ ကြည့်ဖူးတယ်"

ပီတာသည် ထပ်ပြောရန် မရှိတော့သည့်အတွက် ပြစက်လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းရေး၍ အလုပ်သမားကို ပေးလိုက်ရလေ၏။ အလုပ်သမားလည်း လက်ခံရသည်နှင့် ပြန်သွားလေသည်။ ပီတာသည် ဂျော်နီအခန်းကို ပြန်ပိတ်ပြီး သူ့ဆိုင်ဘက်သို့ ပြန်ကူးလာလေ၏။ သူသည် ထိုကိစ္စကို လုံးဝမေ့သွားလေသည်။ သုံးနာရီခွဲ ကျောင်းဆင်းချိန်၌ ဒေါ်ရှစ်

mgyoe.com

mgyoe.com SAMPLE BOOK


ဆိုင်ထဲဝင်လာ၏။

"ဖေဖေ အန်ကယ်ဂျော်နီ မဖွင့်သေးဘူးလား"

ထိုအခါမှ ပီတာသည် ယခုတိုင်မဖွင့်သေးသော ဂျော်နီ့အခန်းကို သတိရပြန်သည်။

"အေးကွ၊ ခုထိဖွင့်တာ မတွေ့သေးဘူး..."

ပီတာသည် စိတ်စနောင့်စနင်းဖြစ်ကာ ဂျော်နီအခန်းကို အပြင်ပြတင်းမှ သွားကပ်ကြည့်သည်။ ဂျော်နီ၏ ပိုက်ဆံထည့်ရသော စက်များကား ငုတ်တုတ်။

"သွား... သွား... သမီး မေမေ့ကို ဆိုင်ခဏ လာထိုင်ပါဦးလို့ခေါ်ချေ"

ဒေါရစ်ကို အက်စသာ ခေါ်ခိုင်းလိုက်၏။ အက်စသာ ရောက်လာသောအခါ သော့ကို ယူပြန်သည်။

"ဂျော်နီ ခုထိ မဖွင့်သေးဘူးကွ၊ မင်း ဆိုင်ခဏ ကြည့်ထားလိုက်စမ်း"

သူ ယခုတစ်ခေါက် အခန်းထဲသို့ ပြန်ဝင်သောအခါ အခန်းကို အစေ့အစပ်ကြည့်မိသည်။ ဂျော်နီ၏ အရိပ်အယောင်ကိုပင် မတွေ့ရ။ သို့သော် ဂျော်နီ ထားခဲ့သော စာရွက်ကလေးကိုမူ တွေ့သွားပါ၏။ သူသည် စာကို ဖြည်းဖြည်းချင်း တစ်ခေါက်ဖတ်လိုက်၏။ ပြီး သူသည် ထိုအခန်းမှ ထွက်ကာ အက်စသာထံ ပြန်ခဲ့သည်။ နောက် အက်စသာအား စာကို လှမ်းပေးလိုက်၏။

သူ့စိတ်ထဲတွင် ထိခိုက်နာကျင်နေ၏။ သူ့မျက်လုံးအိမ်မှာ ဝမ်းနည်းသောအရိပ်များ ထင်နေသည်။ အက်စသာ မေးလိုက်သော မေးခွန်းကို သူ မကြား၊ သူ့ဘာသာသူ ရေရွတ်လိုက်၏။

"ဂျော်နီ ထွက်သွားပြီကွ၊ တကယ်တော့ အခုလိုဖြစ်ရတာ ကျုပ်အပြစ် မကင်းသလိုပါပဲကွာ။ အစကတည်းက ဒီအခန်းကို သူ့ကိုပေးငှားဖို့ မကောင်းပါဘူး"

အက်စသာသည် သူမ၏ခင်ပွန်းအား သိနားလည်စွာ ကြည့်လိုက်သည်။ အက်စသာကိုယ်တိုင်ကလည်း ဂျော်နီကို သားပမာ တွယ်တာနေသူ ဖြစ်ပါ၏။

"ဘယ်တတ်နိုင်မလဲ ပီတာရယ်၊ ပီတာလည်း သူ့ကို တားသားပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


ပိတာသည် ဘာမျှမပြောဘဲ အက်စသာထံမှ စာရွက်ကို ပြန်ယူပြီး နောက်တစ်ခေါက် ဖတ်ပြန်၏။

"ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီကလေးဟာ အခုလို ရှောင်ပြေးစရာမလိုပါဘူး။ အနည်းဆုံး ငါ့ကိုတော့ ဖွင့်ပြောဖို့ ကောင်းပါတယ်"

အက်စသာသည် သူ့ခင်ပွန်း၏ ခံစားမှုကို စာနာမိသည်။

"သူလည်း ရှက်ရှာလို့နေမှာပေါ့လေ"

ပိတာသည် ခေါင်းကိုသာ တွင်တွင်ယမ်းနေ၏။

"ငါဖြင့် နားကို မလည်နိုင်အောင်ပါပဲကွာ။ တို့ဟာ သူ့မိတ်ဆွေတွေပဲဆိုတာ သူမသိဘူးလား"

ထိုစဉ် ဘာမသိ ညာမသိ နားထောင်နေသော ဒေါ်ရစ်သည် ဝမ်းနည်းပြီး ငိုကြွေးလေတော့၏။

"ဒါဖြင့် အန်ကယ်ဂျော်နီ ပြန်မလာတော့ဘူးပေါ့လေ"

ပိတာသည် ထိုအခါမှ သမီးကို သတိရပြီး ပွေ့ချီကာ ပြန်ချော့လိုက်ရ၏။

"ပြန်လာမှာပေါ့ သမီးရယ်။ သူ့စာထဲမလဲ ရေးထားသားပဲ၊ သူ ပြန်လာရင် နယ်လှည့်ပျော်ပွဲသဘင်ကြီးနဲ့ လာမှာတဲ့။ အဲဒီအခါတော့ သမီးတို့ကို ချားတွေ၊ ရဟတ်တွေ အလကား စီးရမယ်တဲ့ကွ"

ဒေါ်ရစ်သည် အငိုရပ်ပြီး သူ့အဖေမျက်နှာကို ကြည့်သည်။

"တကယ်ပြောတာနော် ဖေဖေ"

"တကယ်ပြောတာပေါ့ သမီးရဲ့"

ပိတာသည် သမီးကလေးကို ရင်ခွင်ထဲ ထည့်လိုက်ပြီး သူ့ဇနီးအား ထိခိုက်သောမျက်စိများဖြင့် ကြည့်နေလိုက်မိသည်။

## [၃]

သူစိမ်းတစ်ယောက်သည် ကုန်ရောင်းကုန်ဝယ်များဖြင့် အလုပ်များနေသော ပိတာတစ်ယောက် ရောင်းရေးဝယ်တာများ ပြီးသည်အထိ စောင့်နေလိုက်သည်။ လူမရှိတော့ပါမှ အနားသို့ ကပ်လာ၏။

"ဂျော်နီတစ်ယောက်များ မရှိဘူးလား ခင်ဗျ"

mgyoe.com

mgyoe.com SAMPLE BOOK


ပီတာသည် လူစိမ်းအား အသေအချာကြည့်မိသည်။ ဂျော်နီ၏ စာထဲက ကြေးရှင်လေများလား၊ ဟုတ်ပုံတော့မရပေ။

"ခုတော့မရှိသေးဘူးခင်ဗျ၊ ဆိုပါ။ ကျွန်တော် ဘာများလုပ်ပေးနိုင်ပါသလဲ။ ကျွန်တော်က ဒီဆိုင်ပိုင်ရှင် ပီတာကိုင်ဇလာပါပဲ"

သူစိမ်းသည် ပြုံးရယ်ရင်း လက်ဆန့်ပေးလိုက်သည်။

"ကျွန်တော်ကတော့ ဂရပ်ဖစ်ရုပ်ရှင်ကုမ္ပဏီက ဂျိုးတန်နာပါ။ ကျွန်တော်က ဂျော်နီကို ပို့လိုက်တဲ့ ရုပ်ရှင်ပြစက်ကို ဘယ်လိုပြရတယ် ဆိုတာ ပြဖို့လာတာပါ"

ပီတာသည် ဂျိုး၏လက်ကို ဆွဲကိုင်နှုတ်ဆက်လိုက်သည်။

"သိရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ဒါပေမဲ့ ခင်ဗျား စိတ်မကောင်း စရာသတင်းကို ပေးရတော့မှာပဲ။ ဂျော်နီ မရှိတော့ဘူးခင်ဗျာ၊ တစ်မြန် မနေ့ကပဲ ထွက်သွားပြီ"

ဂျိုးတန်နာသည် စိတ်ပျက်သွားပုံရသည်။

"ဖြစ်မှဖြစ်ရပလေ ဂျော်နီရယ်၊ သူ့ခများ တောင့်မခံနိုင်တော့ဘူး ထင်ပါရဲ့"

ပီတာသည် ဂျိုး၏စကားကို ထောက်ခံရုံသာ တတ်နိုင်လေသည်။

"အေးဗျာ၊ ဒီမှာက သူ့လုပ်ငန်းက မနိုပ်ဘဲကို၊ ဒါကြောင့် သူ့အလုပ် ဟောင်းကို ပြန်မယ်ဆိုတာပဲ"

"ဒါဖြင့် အယ်ဆန်တိုဆီ ပြန်သွားတာပေါ့လေ"

ပီတာသည် နည်းနည်းအံ့သြသွား၏။

"ဟုတ်ကဲ့၊ နေပါဦး ခင်ဗျားက ဂျော်နီကို သိသလားဟင်"

"ဟာ... ဘယ့်နှယ်မသိရမှာလဲ။ သူနဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ ဆန်တိုဆီမှာ အတူလုပ်ခဲ့ကြတာပဲဟာ။ ကောင်လေးက လူကောင်းလေး ဗျ။ သူသာ ဒီမှာ သုံးလေးရက် တောင့်ခံလိုက်ရင် ရုပ်ရှင်က သူ့အကျဉ်း အကျပ်ထဲက ကယ်မှာ"

"ဗျာ... ရုပ်ရှင်၊ အရုပ်ကလေးတွေ လှုပ်တဲ့ ရုပ်ရှင်က ဒီရှိချက်စတာ မြို့မှာ ဖြစ်နိုင်ပါ့မလားဗျာ"

"အို... ဘာလို့မဖြစ်နိုင်ရမှာလဲ။ တခြားမြို့တွေမှာ ဖြစ်ရင် ဒီမှာလည်း

m.gyoe.com
SAMPLE BOOK


ဖြစ်ရမှာပေါ့။ ဒီမြို့က ဘာသာနဲ့ ထုထားတာမှတ်လို့။ ပြီးတော့ ရုပ်ရှင်က အကြီးဆုံး၊ အဆန်းဆုံး ပျော်ပွဲရွှင်ပွဲပဲဟာ။ ခင်ဗျားကော ကြည့်ဖူးပြီလား"

ပီတာသည် ခေါင်းကို တွင်တွင်ယမ်းလိုက်သည်။

"မကြည့်ဖူးဘူးခင်ဗျ၊ ကြားတောင် မကြားဖူးဘူး။ မနေ့ကမှ ခင်ဗျားရဲ့ ပြစက်ဆိုတဲ့ဟာကြီးတွေ ရောက်လာမှ ကြားဖူးတာ"

ဂျိုးတန်နာသည် အိတ်ထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်၍ အဖျားကို သွားဖြင့် ကိုက်ဖြတ်လိုက်ပြီး ပထမ မီးညှိသည်၊ နောက် တစ်ဖွာ ဖွာသည်။ ပြီးမှ ပီတာကို သေချာကြည့်သည်။

"ခင်ဗျား ကြည့်ရတာ လူဖြောင့်ပဲလို့ ကျွန်တော် ထင်တယ်လေ။ ကျွန်တော် ခင်ဗျားကို ကိစ္စတစ်ခု တင်ပြမယ်"

ပီတာသည် စိုးရိမ်တတ်သူ ဖြစ်သည့်အတိုင်း တွန့်ဆုတ်စွာ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ပြောပါ"

"ခင်ဗျားသိတဲ့အတိုင်းပဲ၊ ကျွန်တော်ဟာ ဂျော်နီအတွက် စက်တွေ ပို့လိုက်တယ်၊ မပြဖြစ်လို့ ပြန်ယူသွားဦး၊ ကျုပ်အတွက် စရိတ်စကတော့ ကုန်နေပြီ။ ကုန်တာမှ အသွားရော အပြန်ပါဆိုရင် ဒေါ်လာ ၁၀၀ ကျော် ကုန်မှာ။ ဒီတော့ ဒီနေ့ည ခင်ဗျားကို ကျွန်တော် နမူနာအဖြစ် ပြမယ်လေ။ ခင်ဗျား သဘောကျရင် ခင်ဗျားပဲ ရုံသွင်းပြီးပြပေါ့"

ပီတာသည် ခေါင်းယမ်းရပြန်၏။

"ဟာ... မလုပ်ပါနဲ့ဗျာ၊ ကျုပ်က ကုန်စုံဆိုင်သမားပါ။ ခင်ဗျားတို့ အရုပ်တွေလှုပ်တဲ့ ရုပ်ရှင်ဆိုတာ ကျုပ် ဘာတစ်ခုမှမသိပါဘူး"

ဂျိုးကမူ မလျှော့။

"ဟုတ်ပါပြီလေ။ ဒီရုပ်ရှင်လုပ်ငန်းက အသစ်ဆိုတော့ ခင်ဗျားသာ မဟုတ်ပါဘူး၊ ဘယ်သူမှမသိပါဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဖောက်(ခ) ဆိုတဲ့လူလည်း ဒီလိုမသိဘဲနဲ့လုပ်ခဲ့တာ အခုဆိုရင် သူဌေးတောင်ဖြစ်နေပြီ။ ခင်ဗျားက ဘာမျှထူးထူးခြားခြား လုပ်စရာလိုတာ မှတ်လို့။ ဒီရုပ်ရှင်ကို ပြလိုက်ရုံပဲ။ လူတွေက ပိုက်ဆံပေးပြီး ကြည့်ကြမှာပဲ"

"ကျုပ်နဲ့ ဖြစ်မယ်မထင်ပါဘူးဗျာ။ ကိုယ်မကျွမ်းတဲ့ကိစ္စထဲ ကျုပ်

m.gyoe.com

SAMPLE BOOK

ဝင်ပြီး ခေါင်းကိုက်မခံပါရစေနဲ့"

"ကဲ... ဒါဖြင့် ဒီလိုလုပ်ဗျာ၊ ပြစက်ကလည်း ခင်ဗျားဆီ ရောက်နေပြီ။ ကျုပ်မှာလည်း ပြဖို့ဖလင်တွေပါလာပြီ။ အဲဒီတော့ ဒီညပဲ ခင်ဗျားကို ကျုပ် ရုပ်ရှင်ပြမယ်။ ခင်ဗျားအတွက် တစ်ပြားမှ ကုန်တာမှမဟုတ်ဘဲ။ အဲဒီရုပ်ရှင်ကိုကြည့်။ သဘောကျရင် လုပ်၊ သဘောမကျဘူးဆိုလည်း ကျုပ်စက်တွေ ကျုပ်ပြန်သယ်သွားရုံပေါ့၊ မဟုတ်ဘူးလား"

ပီတာ စဉ်းစားသည်။ သည်လောက်ကလေး ကြည့်ရုံတော့ ဘာမျှမဖြစ်နိုင်ဟု ထင်သည်။ ပြီးတော့ အသစ်အဆန်းမို့ သူကိုယ်တိုင်လည်း မြင်ဖူးချင်သည်။

"ကောင်းပြီလေ... ကြည့်ရတာပေါ့။ ဒါပေမဲ့ ကျုပ် ဘာမျှကတိမပေးနိုင်ဘူးနော်"

ဂျိုးတန်နာသည် အားရပါးရ ရယ်မောပြီး ပီတာကို လက်ဆွဲနှုတ်ဆက်လိုက်၏။

"မကြည့်ဖူးခင်တော့ လူတိုင်း ဒီလိုပြောကြတာပါပဲ။ ကြည့်တော့ သိမှာပေါ့လေ။ ဒီမယ်... မစ္စတာကိုင်ဇလာ။ ခင်ဗျားကိုယ် ခင်ဗျားတောင်မှ သိချင်မှသိမယ်။ ဒါပေမဲ့ ခင်ဗျား အခုကတည်းက ရုပ်ရှင်နတ် ဝင်သွားပြီဗျို့"

ထိုနောက်တော့ ပီတာသည် ဂျိုးကို နေ့လယ်စာစားရန် အိမ်သို့ ဖိတ်ခေါ်သည်။ နေ့လယ်စာစားရင်း အက်စသာနှင့်တကွ မိသားစုအား ညကျရင် မစ္စတာဂျိုးတန်နာက ရုပ်ရှင်ပြမည့်အကြောင်း ပြောသည်။

စားသောက်ပြီးသည်နှင့် ပီတာနှင့် ဂျိုးတို့ နှစ်ယောက်သား ဂျော်နီ့ အခန်းထဲ လျှောက်ကြည့်ကြသည်။ ဂျိုးကမူ သူ့မိတ်ဆွေ ဂျော်နီ ထွက်သွားရသည့်အတွက် တဖျစ်တောက်တောက် ညည်းသည်။ ပြီးနောက် ဂျော်နီပေးရန် ကြွေးများအတွက် မပူရန် ပြောရာ ပီတာကလည်း မပူကြောင်း၊ သူ့အနေနဲ့ ဂျော်နီ့ကို ခင်တွယ်ပြီးဖြစ်၍ ထွက်သွားသည့်အတွက်ပင် စိတ်မကောင်းကြောင်း ပြောလေသည်။ ဂျိုးသည် ပီတာ့စကားကို ထောက်ခံသည်။

"ဂျော်နီကို လူတိုင်း ဒီလိုပဲ ခင်ကြတယ်ဗျ။ သူက လူကောင်းကလေး၊

mgyoe.com

mgyoe.com


သူ ၁၀ နှစ်လောက်တုန်းက သူ့မိဘနှစ်ပါးစလုံး ဆုံးသွားရတယ်လို့ သိရတာပဲ။ အဲဒီမှာ ဆန်တိုက ခေါ်မွေးထားခဲ့တာပဲ”

သူတို့နှစ်ယောက်သည် ဂျော်နီအကြောင်းကိုသာ သတိရရင်း နောက်ထပ်စကားမပြောကြတော့။ သို့နှင့် ညသို့ရောက်လာသောအခါ ဂျိုးသည် သူ့ပြစက်ထဲသို့ ဖလင်များထည့်သည်။ ပီတာက နံဘေးမှ ကြည့်နေသည်။ ပီတာသည် အထူးအဆန်းတွေ့ရမည့် ကလေးလို ရင်ခုန်နေ၏။ နောက်ဆုံး အသင့်ချထားသော ထိုင်ခုံမှာ သူတို့မိသားစု ထိုင်ကြသည်။

ဂျိုးက “ရယ်ဒီလား၊ ပြမယ်နော်”

ပီတာက “ဟုတ်ကဲ့ ပြပါ”

ရုတ်တရက် ပြစက်၏မီးရောင်သည် ပိတ်ကားပေါ်သို့ လင်းခနဲ ထင်လာသည်။ ပိတ်ကားပေါ်တွင် စာလုံးတချို့ ဝါးတားတားနဲ့ ပေါ်လာသည်။ ဂျိုးက ပြတ်သားအောင် ချိန်လိုက်ရာ စာလုံးများ ပြတ်သားစွာ ပေါ်လာ၏။ ထိုစာလုံးများကို သူတို့ မဖတ်လိုက်ရခင် စာလုံးများ ပျောက်သွားလေ၏။ ထို့နောက် ပိတ်ကားပေါ်တွင် မီးခိုးတလူလူနှင့် မီးရထားတစ်စင်း ခုတ်မောင်းလာသည်ကို တအံ့တဩ တွေ့ရတော့၏။ မီးရထားသည် ဟိုအဝေးကြီးမှ သူတို့ရှိရာသို့ တည့်တည့်ကြီးခုတ်လာသည်။ တဖြည်းဖြည်း နီး၍ နီး၍လာသည်၊ ကြီး၍ကြီး၍လည်း လာသည်။ နောက်ဆုံး ပိတ်ကားပေါ်မှထွက်၍ သူတို့ကိုယ်ပေါ် နင်းချလိုက်သည့်အလား ဖြစ်သွားလေသည်။

အက်စသာက လန့်၍အော်ပြီး ပီတာကို ဖက်ထားသည်။ ပီတာကိုယ်တိုင်ကလည်း အက်စသာကို ပြန်ဖက်ထားရင်း ချွေးပြန်သွားသည်။ လည်ပင်းတစ်ခုလုံးမှာ ခြောက်၍ ရေဆာနေသလိုပင်။

“မရှိတော့ပါဘူး၊ သွားပါပြီကွ”

အက်စသာကို အားပေးစကား ထွက်သွားခါမှ နည်းနည်း နေသာထိုင်သာ ရှိသွားသည်။ ထိုအချိန်၌ ပိတ်ကားပေါ်တွင် အမှန်တကယ်လည်း ရထားကြီးမရှိတော့။ ပိတ်ကားပေါ်၌ ကမ်းခြေတစ်ခုတွင် ရေကူးနေကြသူများကို တွေ့ရသည်။ မိန်းကလေးလှလှများ ဖြစ်ပါသည်။ နောက် နယူး

mgyoe.com

mgyoe.com

ယောက်မြို့ အဆောက်အအုံများကို တွေ့ရသည်။ မြင်းပြိုင်ပွဲကိုလည်း တွေ့ရသည်။ အားလုံးမှာ တကယ့် သက်ရှိထင်ရှားများအတိုင်း မြင်နေရသည်။ ထိုအရုပ်တွေအားလုံးမှာလည်း အပြင်ကကဲ့သို့ လှုပ်နေသည်၊ ရှင်နေသည်။ သွားကိုင်ကြည့်လျှင် ရနိုင်သည်ဟု ထင်စရာကြီးဖြစ်နေသည်။ ပီတာ ဤသို့ အံ့သြနေစဉ်မှာပင် ပိတ်ကားသည် ဖြူသွားပြီး မီးလုံးက ပြန်လင်းလာကာ တစ်ခန်းလုံး လင်းသွားလေ၏။

ပီတာသည် အက်စသာလက်ကို ကိုင်ထားရင်း အံ့သြမှုက မပြေနိုင်ဘဲ ရှိနေသည်။ ဂျိုးကမူ...

"ကဲဗျာ... ဘယ့်နှယ်ရှိစ၊ ကြိုက်ပါစ" ဟု မေးလိုက်လေ၏။

ပီတာသည် ကိုယ့်မျက်လုံးကို ကိုယ်မယုံသလို ပွတ်သပ်ပြီးကာမှ...

"အေးဗျာ... ကျုပ်မျက်စိနဲ့ မြင်ရတာမဟုတ်ဘဲ သူများက ပြောရင် ကျုပ် ယုံမှာတောင်မဟုတ်ဘူး"

ဂျိုးက သဘောကျစွာ ရယ်လိုက်သည်။

"ခင်ဗျားလိုပဲ ပထမဆုံး ကြည့်ရသူတိုင်း အဲဒီလို ပြောတာပဲဗျ"

ဂျိုးသည် နေရာမှထပြီး စတိုးဆိုင်၏ တခြားမီးလုံးများကို လိုက်ဖွင့်လိုက်၏။ ထိုအခါမှ ပီတာသည် စတိုးဆိုင် အပြင်ဘက်မှ လူအုပ်ကို တွေ့မြင်သွားခြင်း ဖြစ်သည်။ သူတို့သည် စတိုးဆိုင်အပြင်ဘက်မှ မှန်ပြတင်းများကို မျက်နှာနှင့်ကပ်ကာ အတွင်းသို့ တအံ့တသြကြည့်နေကြခြင်းဖြစ်သည်။ ပီတာသည် အက်စသာကို လှည့်ကြည့်လိုက်၏။

"မင်း ဘယ်လိုသဘောရသလဲ အက်စသာ"

"ကျွန်မတော့ ဘယ်လိုသဘောရသလဲ မပြောတတ်ဘူး။ ဒီလိုဟာမျိုး တစ်ခါမှ မမြင်ဖူးတာတော့ အမှန်ပဲ"

ထိုစဉ် တံခါးပွင့်သွားပြီး အပြင်မှလူအုပ်သည် အထဲသို့ဝင်လာကြ၏။ သူတို့သည် တအံ့တသြမေးကြသည်။

"ဘာတွေလဲဗျ၊ ဘာတွေလဲဗျ။ တယ်ဆန်းပါလား"

ပီတာက ဘာပြောရမှန်းမသိခင် ဂျိုးက ပြောသည်။

"နယူးယောက်က ရုပ်ရှင်ဆိုတာလေ..."

လူတွေသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။

"ဟုတ်လား၊ ဒါဖြင့် ဒီမှာ ပြမှာလားဟင်..."

သူတို့က အလုအယက် မေးကြပြန်သည်။ ဂျိုးက သူ့ဆေးလိပ်ကို မီးညှိပြီး ဖွာလိုက်၏။ ပြီးမှ...

"ဒါတော့ ကျွန်တော်လည်း မဖြေတတ်ဘူးခင်ဗျ။ ဟောဒီက မစ္စတာ ပီတာကိုင်ဇလာနဲ့ ဆိုင်ပါတယ်..."

လူများသည် ပီတာ၏မျက်နှာကို တညီတညွတ်တည်း လှမ်းကြည့်လိုက်ကြ၏။

ပီတာသည် ပထမ ဘာပြောရမှန်းမသိ။ လူတွေ၏ မျက်နှာတွေကိုပဲ ကြည့်နေမိသည်။ သူတို့ မျက်နှာပေါ်တွင် အံ့သြရိပ်များက မကုန်ကြသေး။ နောက်ဆုံး သူ့ပါးစပ်မှ စကားတစ်ခွန်း အလိုလိုထွက်သွားလေသည်။

"ဟုတ်ပါတယ်၊ ဒီမှာ ပြဖို့ပါပဲ။ စနေနေ့ ညကစပြီး ပြမှာပါ..."

အက်စသာသည် ပီတာ၏လက်ကို နာနာဆုပ်၍ တိုးတိုးကလေး ပြောလိုက်သည်။

"ရှင် ရူးနေသလား၊ စနေနေ့ဆိုတာ သန်ဘက်ခါနော်..."

ပီတာကလည်း တိုးတိုးပြန်ဖြေသည်။

"ဟ... ငါက ဘာလို့ရူးရမှာလဲ။ မင်း မမြင်ဘူးလား၊ လူတွေဟာ အဲဒီလှုပ်နေတဲ့အရုပ်တွေကို ပိုက်ဆံပေးပြီး ကြည့်ချင်နေကြတာပဲဟာ..."

အက်စသာသည် ဘာမျှမပြောတော့။

ပီတာသည် ရုတ်ခြည်း သူ့ကိုယ်သူ ကြီးမြင့်လာသည်ဟု ယူဆသွားသည်။ သူ့နှလုံးသားသည် အခုန်မြန်လာသည်။ သူသည် စနေနေ့ည ရောက်လျှင် ရုပ်ရှင်ပြမည်။ သူ့ဇနီး အက်စသာကလည်း မကန့်ကွက်...။

*

နောက် ရက်သတ္တ ခြောက်ပတ်ခန့်ကြာသောအခါ ဂျော်နီတစ်ယောက် ရိချက်စတာမြို့သို့ ပြန်၍ ရောက်ရှိလာလေ၏။ သူသည် သေတ္တာကို လက်တစ်ဖက်ဖြင့် ဆွဲရင်း သူ့အခန်းရှိရာသို့ လျှောက်လာသည်။ အခန်းရှေ့ လမ်းမပေါ်တွင် ရပ်ပြီး အခန်းကိုကြည့်လိုက်၏။ သူ၏ပဲနိစက် ဆိုင်းဘုတ်ကလေးသည် မရှိတော့။ ထိုနေရာတွင် 'ကိုင်ဇလာ နစ်ကယ် ဒီယွန်း' '၁၀ ပြားတန် ရုပ်ရှင်ရုံ' ဟူသော ဆိုင်းဘုတ်ကို တွေ့ရလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျော်နီသည် အခန်းထဲသို့ မဝင်တော့ဘဲ ပီတာ၏ဆိုင်ဘက်သို့ လျှောက်လာခဲ့သည်။ သူက အလင်းမှလာသူ ဖြစ်သည့်အတိုင်း ပီတာကို အရင်မမြင်ရ၊ ပီတာက အရင်မြင်သည်။

"ဂျော်နီ..."

ဂျော်နီသည် ပီတာကမ်းပေးသော လက်ကို ဆွဲနှုတ်ဆက်လိုက်ရ၏။

"မင်း ပြန်လာတယ်နော်၊ ဝမ်းသာလိုက်တာကွာ၊ အက်စသာက တောင် ပြောသေးတယ်။ မင်း ပြန်မှ လာပါ့မလားလို့၊ ငါကတော့ ဘာပဲ ဖြစ်ဖြစ် ကြေးနန်းရိုက်ပြီး ခေါ်ကြည့်မယ်ကွာဆိုပြီး ခေါ်လိုက်တာပဲ..."

ဂျော်နီက ဘာပြောရမှန်းမသိ။

"ကျွန်တော် ထွက်ပြေးသွားတာကို ဘာဖြစ်လို့ ပြန်ခေါ်တယ်ဆိုတာ ကျွန်တော်ဖြင့် နားမလည်ဘူးဗျာ။ ကျွန်တော်က ခင်ဗျားရဲ့ ကြွေးတွေနဲ့ ထွက်ပြေးတယ်။ ဒါပေမဲ့..."

"ဟေ့... ဟေ့ ဒါပေတွေ မဲ့မနေနဲ့တော့ ဂျော်နီ၊ ပြီးခဲ့တာတွေ အားလုံးမေ့လိုက်တော့"။ တစ်ဆက်တည်း နံဘေးမှ ငေးကြောင်ကြောင်နဲ့ ရပ်နေသော သမီးအား သူ့အမေကို ဂျော်နီရောက်ပြီဖြစ်ကြောင်း သွားခေါ် ရန် ပြောလိုက်လေ၏။

"အမှန်တော့ ဒီစိတ်ကူးဟာ မင်းစိတ်ကူးမဟုတ်လား၊ ဒါကြောင့် မင်း ပြန်လာထိုက်တယ်၊ ဒီကရတဲ့ အကျိုးအမြတ်ကိုလည်း ရသင့်တယ်လို့ ယူဆတယ်ကွ..."

ဒေါရစ်သည် ထိုအချိန်အထိ မသွားသေး။ နောက်ဆုံး ဂျော်နီကို နှုတ်ဆက်ပြီးမှ ထွက်သွားသည်။ ဂျော်နီက နားမလည်ဟန်နှင့် ပီတာကို ကြည့်သည်။

"ကဲပါ ပီတာရယ်၊ ပြည့်ပြည့်စုံစုံလည်း ပြောပါဦး"

ထိုအခါမှ ပီတာသည် ဂျော်နီထွက်သွားပြီး နောက်ရက်တွင် ပထမ ပြစက် ရောက်လာသည်မှ အစပြုပြီး ဂျိုး ရောက်လာ၍ ညအစမ်းပြသည်က အလယ် ရုပ်ရှင်ရုံထောင်ရခြင်းကအဆုံး ဖြစ်ကြောင်းကုန်စင် ပြောပြပြီးမှ...

"အဲဒါပါပဲ မောင်ရာ၊ ကြေးနန်းထဲမှာ ထည့်ရိုက်ခဲ့တဲ့အတိုင်းပဲ ဂျော်နီကို တစ်လ ၁၀၀ ပေးမယ်၊ ပြီးတော့ အကျိုးအမြတ်ရဲ့ ၁၀ ရာခိုင်နှုန်း

mgyoe.com  SAMPLE BOOK 

သတ်သတ်ပေးဦးမယ်ဗျာ”

ပီတာ ကြည့်ရသည်မှာ ဝမ်းသာနေပုံရသည်။ ဂျော်နီကလည်း ဝမ်းသာသည်ပင်။ ဂျော်နီက ပီတာ၏စကားကို ထောက်ခံသည်။ နောက် သူတို့နှစ်ဦး ရုံထဲသို့ လျှောက်ကြည့်ကြသည်။ ပြစက်နှင့်တကွ အားလုံး မှာ စနစ်တကျ ရှိပါသည်။ သူ၏ စက်များကို အားလုံး နံဘေးသို့ဖယ်ပြီး ဖြစ်နေသည်။ ထိုနေရာများတွင် ခုံတန်းရှည်များက အစီအရီ တန်းစီထား ၏။ ထောင့်တွင်ရှိသော ဘွားဘွားဂျစ်ပစီ ဗေဒင်ဟောသော စက်ကြီးကမူ ရှိမြဲ၊ ဂျော်နီသည် စက်ကြီးကို လက်ဖြင့် နှစ်သက်စွာပုတ်လိုက်၏။

“ဘွားဘွားက မှန်နေပါပကော...”

“ဘာပြောတယ်”

“သြော်... ကျွန်တော် ဒီကထွက်သွားတဲ့ညက ဘွားဘွားက ဒီကို မကြာခင် ပြန်လာရမယ်လို့ ဗေဒင်ဟောလိုက်တယ်လေ။ အဲဒါမှန်နေလို့ ပြောတာပါ”

ဂျော်နီ၏စကားကို ပီတာက အံ့သြပုံမရ။

“ကျုပ်တို့ ရဟူဒီ စကားပုံတစ်ခုရှိတယ်။ ကံကြမ္မာဖန်တီးလာတဲ့ အတိုင်း ဖြစ်ချိန်တန် ဖြစ်မှာပဲတဲ့”

ဂျော်နီသည် ဘာမျှမဖြေမိတော့။ ပီတာ၏ကြေးနန်း ရောက်လာစဉ် က သူသည် ကြေးနန်းစာကိုပြပြီး အယ်ဆန်တိုကို ပြောမိသည်။ သူ့သုံးလခ အခန်းကြေး ကျန်ရစ်သည့်ကြားထဲမှ သူ့ကိုပြန်ခေါ်သည့်အတွက် နားမလည် နိုင်သည့်အကြောင်း၊ အယ်ကမူ အေးဆေးစွာပင် မင်းကိုခင်လို့နေမှာပေါ့။ သူ့ဆီက ကြေးနန်းလာပြီဖြစ်၍ သူ ဘာလုပ်မည်လဲဟု မေးရာ သူက ပြန်ရမှာပေါ့ဟု ဖြေခဲ့သည်။ နောက် ပြန်လည်း ပြန်လာခဲ့ပါသည်။ ယခုတော့ သည်ကိုပြန်ရောက်နေပြီပဲ။ သူသိချင်သောအချက်ကို ပီတာအား မေး လိုက်သည်။

“ပီတာ ခင်ဗျား တစ်နေ့ ဘယ်နှပွဲပြသလဲ ဟင်”

“တစ်ပွဲပေါ့”

“ကဲ... အခုကစပြီး တစ်နေ့ သုံးပွဲပြမယ်ဗျာ၊ နေ့တစ်ပွဲ ညနှစ်ပွဲပေါ့”

“ဟေ... သုံးပွဲပြလို့ ဘယ်သူက လာကြည့်မှာလဲ ဂျော်နီ”

mgyoe.com

mgyoe.com SAMPLE BOOK


“အို… ပီတာကလည်းဗျာ။ ခင်ဗျား ပွဲအကြောင်း ဘာနားလည်လို့လဲ။ ကျွန်တော်က ၁၂ ပွဲ လိုက်လာတဲ့ အကောင်ပါ၊ ကြော်ငြာတာပေါ့ဗျာ။ ကြော်ငြာပိုစတာတွေ ကပ်မယ်ဗျာ၊ ပြီးတော့ သတင်းစာထဲ ထည့်မယ်ဗျာ။ ဒီနယ်တစ်ဝိုက်မယ် ကျွန်တော်တို့ပဲ ရုပ်ရှင်ပြနိုင်သေးတာပဲ။ တစ်နယ် လုံးက ဒီလာကြည့်လိမ့်မပေါ့”

ပီတာသည် ဂျော်နီ၏စကားကို နားထောင်ရင်း ဂျော်နီအပေါ် လေးစားသော မျက်လုံးများဖြင့် ကြည့်မိသည်။ အမှန်ပေပဲ၊ သည်ချာတိတ်၏ အသွေးအသားထဲမှာ ပွဲသွေး၊ ဇာတ်ဇာတိ ပါသူပေပဲ။ တစ်နေ့ကို ပိုက်ဆံ သုံးဆရအောင် သူ စဉ်းစားနိုင်တယ်။ အခု သူပြန်ရောက်လာပြီမို့ ရုပ်ရှင်ကိစ္စ သူ ဘာမျှလှည့်ကြည့်ရန်မလိုတော့။ ဂျော်နီ အားလုံးစီစဉ်ပေလိမ့်မည်။

“ကောင်းသားပဲ ဂျော်နီ”

ပီတာသည် ဂျော်နီစကားကို လေးနက်စွာ ထောက်ခံလိုက်၏။ ထိုညဌ် ပီတာမအိပ်မီ တွေးမိသည်။ တစ်နေ့ သုံးချိန်ပြလျှင် ပိုက်ဆံ သုံးဆ ဝင်မည် ဟူ၍။

## [၄]

ဂျော့ ပါပတ်သည် မျက်နှာချင်းဆိုင် လမ်းမပေါ်မှ ကိုင်ဇလာ ရုပ်ရှင်ရုံကို လှမ်းကြည့်လိုက်သည်။ ညနေ ၇ နာရီခွဲအချိန်တွင် လူများ ရုပ်ရှင်ကြည့်ရန် ရုံထဲဝင်သွားသည်ကို မြင်ရ၏။ တစ်နေ့ သုံးပွဲ ရုပ်ရှင် ပြသဖြင့် မြို့လူထု၏ လှုပ်ရှားမှုအချိန် ပြောင်းသွားသည်ကို သူတွေ့ရသည်။ အရင်တုန်းက ည ၇ နာရီကျော်လျှင် မြို့ထဲ၌ လူအသွားအလာမရှိတော့ သလောက် ဖြစ်သည်။ ယခု ၈ နာရီထိုးပေပြီ၊ လူတွေမှာ ရုပ်ရှင်ရုံထဲ ဝင်နေကြဆဲ။ မြို့ပေါ်မှလူတွေသာမဟုတ်၊ နံဘေးဝန်းကျင်မှ လူအတန်း အစား အသီးသီးသည် ရုပ်ရှင်ဆိုသည့် ပိတ်ကားပေါ်မှ အရုပ် လှုပ်လှုပ် များကို လာကြည့်ကြသည်မှာ အမှန်ပင်။

သူ့တွင် အိုက်စကရင်နှင့် တခြားအအေးရောင်းသော ဆိုင်တစ်ဆိုင် ရှိသည်။ ဤရုပ်ရှင်ရုံနှင့် လေးငါးလမ်းအကွာမှာဖြစ်သည်။ သူနှင့် သူ့ညီ ဆိုင်ထွက်ကြသည်။ အခါတိုင်းဆိုလျှင် စနေနေ့ညကလွဲလျှင် သူတို့ဆိုင်

mgyoe.com

mgyoe.com SAMPLE BOOK


သည် ညနေ ၇ နာရီမထိုးမီ ပိတ်ရစမြဲ။ မည်သူတစ်ဦးမျှ အပြင်မထွက်ကြ၊ ထိုးစံမရှိ။ ယနေ့ အင်္ဂါနေ့ည ၈ နာရီ လမ်းပေါ်မှာ လူတွေ တွေ့နေရဆဲ။ သည်လူတွေကို သူ့အအေးဆိုင်လာအောင် ဘယ်လိုလုပ်ရပါ့။ တောင်ကြီးက မိုဟာမက်ဆီ မလာရင် မိုဟာမက်က တောင်ကြီးဆီ သွားရန်သာ ရှိတော့သည်။

သူ ကိုင်ဇလာအိမ်သို့ သွားသည်၊ ပီတာ၏ဇနီး အက်စသာနှင့် တွေ့သည်။ ပီတာ ပြန်မလာသေးဆို၍ စောင့်သည်။ ပီတာနှင့် ဂျော်နီ့တို့ ရုပ်ရှင်ရုံထဲ လူသွင်းသည်ကို ကြည့်သည်။ ရုံမဆံ့၍ နောက်ပွဲစောင့်နေသူများကို တွေ့သည်။ သူကလည်း ပီတာနှင့်တွေ့ရန် စောင့်သည်။ အတော်ကြာတော့ ပီတာနှင့် တွေ့ရသည်။

တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်သည်။ ဂျော့ကပင် စကားစသည်။

"လူတွေ အများကြီးလာကြည့်တာပဲနော်"

ပီတာက သူ့လုပ်ငန်းကို သူ့ဘာသာသူ ကျေနပ်နေ၏။

"ဟုတ်တယ်ဗျာ၊ ရုပ်ရှင်လုပ်ငန်းဟာ လူကြိုက်များတဲ့ လုပ်ငန်းပဲဗျ"

ဂျော့သည် ဘာဆက်ပြောရမှန်းမသိ။ ပီတာက နယူးယောက်မှ မှာယူထားသော ဆေးပြင်းလိပ်ကို တိုက်သည်။ ဂျော့က ချက်ချင်း မသောက်သေးဘဲ ထမင်းစားပြီးမှ ဖိမ်နဲ့သောက်မည်ဟု သိမ်းထား၏။ နောက်ဆုံး လိုရင်းစကားကို ပြောသည်။

"မစ္စတာ ကိုင်ဇလာ ခင်ဗျားရုံရှေ့ တစ်နေရာရာမှာ ကျွန်တော် အအေးဆိုင်ဖွင့်ချင်လို့ဗျာ၊ အိုက်စကရင်တို့၊ အအေးတို့၊ မြေပဲတို့၊ ကွာစေ့တို့ ရောင်းချင်လို့"

"ဗျာ... ဆိုင်ဖွင့်ချင်လို့" ပီတာက အံ့သြစွာဆိုသည်။

"ဟုတ်တယ်၊ ရုပ်ရှင်လာကြည့်တဲ့လူတွေ စားဖို့လေ၊ သူတို့လည်း ရုပ်ရှင်ကြည့်ရင်း စားချင်မှာပေါ့"

သည်နောက်တော့ သူ့အကြံ၊ သူ့စိတ်ကူးကို ပီတာအား တင်ပြသည်။ သုံ့ဆိုင်နေရာမှာ ကျယ်ကျယ်ဝန်းဝန်း မလိုကြောင်း ပြောသည်။ ဆိုင်လခ အပြင် အမြတ်ထဲမှ ရာခိုင်နှုန်း မည်ရွေ့မည်မျှ ပေးပါမည့်အကြောင်းကိုလည်း

mgyoe.com

mgyoe.com SAMPLE BOOK

ပြောသည်။

ပီတာ့အနေနှင့် မငြင်းသာတော့ဘဲ လက်ခံလိုက်ရသည်။

*

ပီတာတို့ ၁၀ ပြားတန်ရုပ်ရှင်ရုံမှာ လူတွေ လာကြည့်ကြသည်မှာ အမှန်။ သို့သော် ပြဿနာမရှိဘဲတော့မနေ၊ ပြဿနာက ရှိသည်ပဲဖြစ်သည်။ ပီတာနှင့် ဂရပ်ဖစ် ရုပ်ရှင်ကုမ္ပဏီတို့၏ စာချုပ်အရ ပီတာသည် သုံးပတ်လျှင် တစ်ကြိမ် ကားထုပ်အသစ်တစ်ထုပ်ရသည်။ သူတို့အနေနှင့် တစ်နေ့လျှင် သုံးပွဲပြသရာ ပထမတစ်ပတ်အတွင်း ဤမြို့နားဝန်းကျင်မှ လူများ အားလုံး လိုလို ထိုဇာတ်ကားကို ကြည့်ပြီးဖြစ်သွားပြီး၊ နောက် ကျန်သောနှစ်ပတ်မှာ လူပါးသွားတတ်လေသည်။ ပီတာက ထိုအချက်ကို ဂျော်နီအား ပြောသည်။ နောက်တစ်ခေါက် ဂျိုးတန်နာလာလျှင် ဤအချက်ကို ဆွေးနွေးရန်ပြော သည်။ ဂျော်နီကလည်း သဘောတူသည်။

ရုပ်ရှင်ရုံရှေ့တွင် ဂျော့၏ အအေးဆိုင်ဖွင့်ပြီး ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါ ဂျိုးတန်နာ ပေါက်လာသည်။ လစဉ် လာမြဲ ထုံးစံအတိုင်း လာခြင်းဖြစ်သည်။

ဂျိုးက ပီတာတို့၊ ဂျော်နီတို့ ညနှစ်ပွဲပြခြင်းကို သဘောကျအံ့ဩသည်၊ ပြီးတော့ ချီးကျူးသည်။ ညပိုင်း အေးအေးဆေးဆေး စကားဝိုင်းတွင် ဂျော်နီ က စကားစသည်။

"ဂျိုး... ခင်ဗျားတို့ဗျာ ကားသစ်တွေ မြန်မြန်မရဘူးလား။ ပရိသတ်က ကားတစ်ထုပ်ကို သုံးပတ်စောင့်ရတော့ ပျင်းတယ်ဗျ"

"မရဘူးကွ၊ တစ်ပိုင်းသတင်းကားတော့ ရမလား မပြောတတ်ဘူး"

"အို... တစ်ပိုင်းသတင်းကားက ဘာလုပ်ဖို့လဲ၊ ကျွန်တော်တို့က ဇာတ်ထုပ်လိုချင်တာဗျ"

ဂျိုးက ခပ်တွေတွေဖြစ်သွားသည်။ ခဏကြာမှ...

"ကျုပ်တို့မှာ အကြံအစည်တော့ ရှိတယ်ဗျ။ ဒါ ခင်ဗျားတို့ နှုတ် လုံမှဖြစ်မှာ"

"ဗျာ... ဂျိုးကလည်း ကျွန်တော်တို့များ လူရင်းတွေပဲ၊ နှုတ်လုံဖို့ ပြောနေစရာမလိုပါဘူး"
mgyoe.com

mgyoe.com
SAMPLE BOOK


ဂျိုးက ခဏနားသည်။ ပြီးမှ...

"မောင်ရင်တို့ ပီတာတို့လည်း ကြားမှာပေါ့။ တို့ ရုပ်ရှင်ကုမ္ပဏီကြီးတွေက ရုပ်ရှင်လုပ်ငန်းတစ်ခုလုံးကို လက်ဝါးကြီးအုပ်ထားနိုင်အောင် 'စုပေါင်း' ဆိုပြီး ဖွဲ့တော့မယ်ဆိုတာလေ"

"အင်း... ဆိုပါဦး"

"သူတို့က ဘယ်သူတွေက ဘယ်ကုမ္ပဏီ သေးသေးလေးတွေကပဲ ရိုက်ရိုက်၊ ဖြန့်ချိဖို့က သူတို့ကမှတစ်ဆင့် ဒါမှမဟုတ် သူတို့က ခွင့်ပြုမှ ဖြန့်ချိပြသဖို့ လုပ်ကြတယ်လေ"

"ဒါနဲ့ ကျွန်တော်တို့နဲ့ ဘာဆိုင်လဲဗျ"

"ဆိုင်လာပါလိမ့်မယ် ဂျော်နီရ၊ နားထောင်ပါဦး။ ဂရပ်ဖစ် ရုပ်ရှင်ကုမ္ပဏီကလည်း စုပေါင်းထဲဝင်မှာကွ။ ကျုပ်ကတော့ လွတ်လပ်တဲ့ အပြင်ကုမ္ပဏီမှာ လုပ်ချင်တယ်။ ကားများများရိုက်ပြီး တစ်ပတ်တစ်ကား ထုတ်ချင်တယ်"

"ကောင်းသားပဲ၊ နေပါဦး၊ အဲဒါ ကျွန်တော်တို့နဲ့ ဘယ်လိုပတ်သက်လို့လဲ။ ကျွန်တော်တို့ စာချုပ်အရတော့ ကျွန်တော်တို့ရုံမှာ ဂရပ်ဖစ်ကကားတွေလည်း ပြရမယ်လို့ ပါတယ်"

"အေးပါလေ၊ ပြသတဲ့ရုံရှင် တော်တော်များများအနေနဲ့တော့ စုပေါင်းက မသိရင် သူတို့မထိခိုက်ဘူးလို့ ယုံနေကြတယ်ကွ။ မင်းတို့အနေနဲ့ သူတို့တစ်ဦးတည်းနဲ့ ဆက်သွယ်မထားဘူးဆိုရင် သူတို့ကား တစ်မျိုးတည်းကို ဘယ် သုံးပတ်ဆက်ပြီး ပြစရာလိုမလဲကွ။ တစ်ပတ်ပြပြီး တခြားကားလဲပြရုံပေါ့"

ဂျော်နီသည် ထပ်မပြောတော့ဘဲ စဉ်းစားပြီးမှ ပီတာနှင့် သွားတွေ့ကြရန် ပြောသည်။ မနေနိုင်သဖြင့် လမ်းလျှောက်ရင်း ဂျိုးကို မေးပြန်သည်။

"ဒါဖြင့် ခင်ဗျား ဘယ်သူ့ဆီလုပ်မှာလဲ"

"ဘီလ်–ဘိုဒင်း ဆိုတဲ့လူဆီမှာ၊ ဒီက အကြီးဆုံးပဲကွ"

"ဩော်... သူ့အတွက် ခင်ဗျားက ဖြန့်ချိပေးမှာပေါ့၊ ဟုတ်လား"

ဂျိုးက ခေါင်းခါသည်။

"ဒီတစ်ခါတော့ ကိုယ်က အဲဒီကားထုပ်တွေ ရောင်းတဲ့အလုပ်

mgyoe.com

မလုပ်တော့ဘူး၊ ရိုက်တဲ့အလုပ်လုပ်တော့မလို့။ ကိုယ် ဘိုဒင်းကို ပြော ထားတယ်။ ခင်ဗျားအနေနဲ့ ပရိသတ်နဲ့ အမြဲတွေ့နေရတဲ့ ရုပ်ရှင်သမား တစ်ယောက်လိုတယ်။ ဒါမှ ပရိသတ် ဘာကားတွေ ကြည့်ချင်မလဲ သိမယ် ပေါ့။ အဲဒီသိတဲ့လူကလည်း ကျုပ်ပဲလို့ ပြောလိုက်တယ်လေ"

ဂျော်နီက ဂျိုး၏စကားကို သဘောကျပြီး ရယ်သည်။

"ခင်ဗျားကတော့လေ ကျုပ်တို့ ၁၂ ပွဲလိုက်တုန်းကလိုပဲ မပြောင်းလဲ ဘူးနော်။ ထိပ်တက် ကြဲချင်တာပါပဲလား"

ဂျိုးကလည်း ဂျော်နီစကားကို သဘောကျပြီး ရယ်မောလိုက်ပါသည်။ နောက်မှ မျက်နှာပြန်တည်သွားပြီး...

"ဒီမှာ ဂျော်နီ ကိုယ်အတည်ပြောတာ၊ ဒီလုပ်ငန်းဟာ တစ်နေ့ တခြား ကြီးကျယ်လာမယ့်လုပ်ငန်းကွ၊ ငါ့အနေနဲ့တော့ မင်းကို ပါစေချင်တယ် လေ..."

[၅]

ဂျော်နီသည် တံခါးဘုကို ကိုင်၍ ခဏရပ်နေလိုက်သည်။ အတွင်းမှ အက်စသာ၏အသံကို ကြားနေရသည်။ သည်နေ့မှာ တနင်္ဂနွေနေ့ ဖြစ်သည်။ မီးဖိုထဲတွင် အက်စသာကို တွေ့ရ၏။

"ဘယ်လိုလဲ ဂျော်နီ၊ စောလှချည်လား"

"ဟုတ်တယ်၊ ကျွန်တော် နယူးယောက်ကိုသွားမလို့။ ပီတာများ ဘာမှာဦးမလဲလို့..."

"နယူးယောက်ကို သွားမလို့ ဟုတ်လား" အက်စသာက အံ့သြ စွာမေးသည်။

"ဂျော်နီ နယူးယောက်ကို သွားမလို့ ဟုတ်လား"

မီးဖိုတံခါးကိုဖွင့်ပြီး ဝင်လာသော ပီတာကလည်း အံ့သြစွာ မေးပြန် ၏။ ဂျော်နီကမူ ဘာမျှမဖြစ်သလို ဖြေသည်။

"ဟုတ်တယ်... သွားမလို့..."

"ဟုတ်လား... ဘာကိစ္စ..."

"ကျွန်တော် ဂျိုးကို လာတွေ့မယ်လို့ ကတိပေးထားတယ်။ သူ့ကား

mgyoe.com

mgyoe.com

သစ်တွေလည်း ကြည့်ရင်းပေါ့။ နက်ဖြန် ညနေပွဲအမီ ပြန်ခဲ့မှာပါ..."

"အေးပေါ့လေ၊ ကားသစ်တွေ ကြည့်ချင်ရုံနဲ့ ၈ နာရီရထား စီးနိုင်ရင်လည်း သွားပေါ့လေ။ တို့တော့ ဘယ်တော့မှမလုပ်ဘူး"

ကျော်နီသည် ပီတာကို စိတ်ထဲမှ ခင်ဗျား ကျွန်တော် ပြောတာတွေ နားဝင်ပြီး ရုပ်ရှင်လုပ်ငန်း ကြီးကျယ်လာမယ်ဆိုတာကို ယုံကြည်တဲ့အခါ တော့ သွားမှာပေါ့လေဟု ပြောလိုက်ပြီး ပါးစပ်ကမူ...

"အခြေအနေဆိုတာ သွားကြည့်မှ သိမှာပေါ့ဗျာ" ဟုသာ ပြောလိုက်လေသည်။

ပီတာသည် ကျော်နီအား ကြည့်သည်။ ရုပ်ရှင်သည် ကျော်နီ အသည်း၊ ကျော်နီ၏စိတ်၊ ကျော်နီ၏ တစ်ကိုယ်လုံးကို လွှမ်းမိုးနေသည်မှာ သေချာသည်။ သူ့အနေနှင့် အရင်တစ်ခေါက် ကျော်နီ ပြန်လာခါစက ဘိုဒင်းတို့၊ လာပီလီတို့၏ ဇာတ်လမ်းရုပ်ရှင်များ ရိုက်ရန် ကြံစည်နေကြပုံကို ထောက်ခံစကားပြောခဲ့ပုံများကို သတိရသည်။ သူကမူ မထောက်ခံခဲ့၊ အားမပေးခဲ့။ သို့သော် သူ့စိတ်ထဲကမူ သည်ငနဲတွေ လုပ်ကိုင်နေကြပုံမှာ တစ်စုံတစ်ခု ထူးခြားပေလိမ့်မည်ဟု ယုံနေသလိုလို သိနေသလိုလို ထင်နေမိပြန်သည်။ ထိုအတွေးနှင့်ဆက်စပ်၍ ရုပ်ရှင်ချည်း သက်သက်ပြသော ရုံရှင်တစ်ယောက် လုပ်ရန် ကောင်းမလားဟု တွေးသည်။ မဖြစ်နိုင်ဘူးဟု ပယ်လိုက်ပြန်၏။

ထိုစဉ် ဒေါရစ် အခန်းထဲဝင်လာသည်။ ကျော်နီကိုမြင်လျှင် ဝမ်းသာအားရ ဖြစ်သွားသည်။

"အန်ကယ်ကျော်နီ ပန်းခြံလိုက်ပို့မလို့လား"

ကျော်နီက ခေါင်းခါသည်။

"ကနေ့တော့ မဖြစ်ဘူး ချစ်ချစ်ရဲ့။ အန်ကယ့်ကျော်နီ အလုပ်ကိစ္စနဲ့ နယူးယောက်သွားမလို့..."

ဒေါရစ်သည် မျက်နှာငယ်သွားသည်။ အကဲ်စသာက မြင်သည်။

"သမီးအဖေက လိုက်ပို့ပါလိမ့်မယ် သမီးရယ်..." ဟု ဝင်ချော့လိုက်သည်။ ထိုအခါမှ ပီတာက သတိရသည်။

"ဒါဖြင့် တို့ကို စောင့်ဦးကွာ။ တို့ ဘူတာထိ လမ်းလျှောက်ရင်း လိုက်ပို့ကြတာပေါ့ သမီးရယ်..."

mgyoe.com SAMPLE BOOK


"သားလည်း လိုက်မယ်... လိုက်မယ်..."

မတ်ကလည်း ပါလာပြန်သည်။ သည်တော့ သူတို့ သားအဖ သုံးယောက်နှင့် ဂျော်နီ ဘူတာရုံသို့ လမ်းလျှောက်ရင်း ထွက်လာကြသည်။ ဒေါရစ်သည် ဂျော်နီ့လက်ကို တွဲလဲခို၍လိုက်သည်။ မတ်ကမူ ဂျော်နီ့ ကုပ်ပေါ်တွင် မြင်းစီးလိုက်ပါလာ၏။ ကလေးများ ချစ်ခင်မှုကို ရသူသည် လူကောင်းပဲဖြစ်သည်ဟု ပီတာက တွေးမိသည်။ အလုပ်အကြောင်း သတိရ ပြန်၏။

"ဂျိုးတစ်ယောက် အခြေအနေကော ဘယ်လိုလဲ"

"ကောင်းပါတယ်။ ဘိုဒင်းကတော့ အတော်ဆုံးလူ ရထားတယ် ပြောတာပဲ"

"ဟုတ်လား ဝမ်းသာပါတယ်ကွာ၊ ဂျိုးကကော အလုပ်လုပ်ရတာ ကျေနပ်ရဲ့လား"

"ကျေနပ်ပုံရပါတယ်။ ဒါပေမဲ့ ဂျိုးကြည့်ရတာ သူ့ဘာသာသူ လွတ်လွတ်လပ်လပ် လုပ်ချင်ပုံရတယ်။ သူ တစ်ခုခုကို စဉ်းစားနေပုံရတယ်"

"ဟုတ်လား..."

"ဟုတ်တယ်လေ၊ တစ်ပိုင်းကားလို တစ်ကားဟာ ဒေါ်လာ ၃၀၀ လောက်ကျတယ်၊ နောက် ကူးခတွေကျမယ်။ အဲဒီတစ်ပိုင်းကားလေးကို ကော်ပီ ၁၀၀ ကျော်လောက်ပွားပြီး ဒေါ်လာ ၁၀၊ ၂၀ နဲ့ ရောင်းတာ မဟုတ်လား။ ဘာ မကိုက်စရာရှိတာမှတ်လို့"

ပီတာသည် နည်းနည်း စိတ်ဝင်စားသွားသည်။

"ဒါဖြင့် ဘာလို့ သူကိုယ်တိုင်မလုပ်တာလဲ"

ဂျော်နီသည် ပီတာကို တစ်ချက်ငဲ့ကြည့်သည်။

"ငွေအရင်းအနှီး လိုလို့ပေါ့။ ကင်မရာနဲ့ တခြားပစ္စည်းတွေ ထူထောင်ဖို့ဆိုတာက ဒေါ်လာ ၆၀၀၀ လောက် လိုမှာ"

ပီတာသည် ဘာမျှမဖြေ၊ ပီတာ ဘာမျှမပြောသည်ကို အကြောင်းပြုပြီး ဂျော်နီက သွေးတိုးစမ်းလိုက်သည်။

"ဒီမယ် ပီတာ။ ကျွန်တော်တို့ ဒီရုပ်ရှင်ရိုက်တဲ့၊ ထုတ်လုပ်တဲ့ လုပ်ငန်းထဲ ပါရရင် မဆိုးဘူးထင်တယ်နော်"

mgyoe.com

mgyoe.com
SAMPLE BOOK


ပီတာသည် ပခုံးတွန့်ပြီး ရယ်လိုက်သည်။

"အို… မလုပ်ပါနဲ့ ဂျော်နီရာ။ ဒါ ငါနဲ့ မဖြစ်ပါဘူး။ ကိုယ်နားမလည်တဲ့အလုပ် မလုပ်တာ ကောင်းပါတယ်။ အေးအေးဆေးဆေး သူများရိုက်ပြီးသားပဲ ပြပါရစေ။ ဘယ့်နှယ်ဗျာ ကိုယ်တိုင်ရိုက်ပြီးမှ လူတွေက မဝယ်တော့ဘူးဆို ဘယ့်နှယ်လုပ်မလဲ။ တို့ အရင်းပြုတ်သွားမှာပေါ့"

ဂျော်နီကမူ အားမလျှော့သေး။

"မပြုတ်နိုင်ပါဘူး ပီတာရ။ ကဲဗျာ ကျွန်တော်တို့ကို ကြည့်။ ကျွန်တော်တို့ အခု ဘယ်သူ့ဆီကရရ ရုပ်ရှင်ဆိုရင် ပြီးတာပဲဆိုပြီး ဝယ်နေတာတောင် ပြလို့ မလောက်နိုင်ဘူးမဟုတ်လား။ ကျွန်တော်ဖြင့် ရှုံးလမ်းမမြင်ပေါင်။ ကျွန်တော်တို့သာ မဟုတ်ဘူး၊ တခြား ရုံရှင်တွေလည်း ကားထုပ်တွေနောက် လိုက်နေရတာ လျှာထွက်နေပြီပဲ"

ပီတာသည် ရယ်မြဲရယ်နေသည်။ သည်တစ်ခါ ပီတာ၏ရယ်သံမှာ အားမပါလှဟု ဂျော်နီထင်သည်။ သို့သော် ပီတာသည် အစိုးရိမ်ကြီးသူ ဖြစ်သည်။

"အို… ငါတော့ လောဘမကြီးရဲဘူး ဂျော်နီရေ၊ တခြားသူတွေပဲ ခေါင်းကိုက်ကြပါစေ၊ ကိုယ်တော့ ဝင်မကိုက်ပါရစေနဲ့…"

မကြာခင် ဘူတာသို့ ရောက်ရှိသွားကြသည်။ ရထားဆိုက်လာသည်နှင့် ဂျော်နီရထားပေါ်သို့တက်ပြီး ရထားထွက်ပါတော့သည်။ ဂျော်နီသည် သူ့အတွေးနှင့်သူ ရထားခေါင်ဆောင်ရာသို့ လိုက်ပါလာခဲ့သည်။ ပီတာသည် အစိုးရိမ်ကြီးသူဖြစ်သည်။ သူ့ကို အတင်းအဓမ္မ တိုက်တွန်း၍မရ။ သူ့ဘာသာ ဆုံးဖြတ်ဖြစ်လာအောင် အတွေးစ စိတ်ကူးကလေးများ ချထားရန်ပဲရှိသည်။ အချိန်တန်တော့ ပီတာသည် လုပ်ရဲ၊ ကိုင်ရဲ၊ ဆုံးဖြတ်ရဲ လာတတ်ပါသည်။ ဂျော်နီသည် နယူးယောက်သို့ ရောက်ရန် စိတ်စောနေ၏။ ဤတစ်ကြိမ်ရောက်လျှင် ဂျိုးတံန်နာအနေနှင့် အဆင်သင့် ဖြစ်ကောင်းလောက်ပါပြီ။ နောက် ပီတာအနေနှင့်လည်း အဆင်သင့် ဖြစ်ကောင်းရာပါ၏။

ဂျော်နီ ရထားကြီး ထွက်သွားသည့်နောက် ဘူတာတွင် ပီတာတို့ သားအဖ သုံးယောက်သား ကျန်ရစ်သည်။ ဒေါ်ရစ်သည် မပြောမဆို

mgyoe.com

mgyoe.com SAMPLE BOOK


မျက်ရည်များ ကျလာသည်။ ပိတာသည် သမီးကို ပွေ့ချီရင်း မေးရသည်။

"ဟော့... သမီးလေး ဘာဖြစ်လို့ငိုနေတာလဲဟင်"

ဒေါ်ရစ်သည် ရှိုက်ရင်း...

"သမီး အခုလို တစ်ယောက်ယောက် ရထားနဲ့ခွဲထွက်သွားတာ မကြည့်ချင်ဘူး"

ပိတာသည် အံ့သြသည်။ သမီးလေး ဒေါ်ရစ် အရင့်အရင်က ဘယ်သူ့ကိုမှ ရထားဘူတာသို့ လိုက်ပို့သည်ကို မဆုံဖူးခဲ့။ ဘယ်သူမှ ရထားနဲ့ ထွက်မသွားဖူးခဲ့။ သည်တော့ သမီးကို မေးရပြန်သည်။

"ဘာဖြစ်လို့လဲ သမီးရယ်"

"မသိဘူး ဖေဖေ၊ သမီးမျက်ရည်တွေက အလိုလို ကျလာတာ။ အန်ကယ်ဂျော်နီ ပြန်မလာဘဲ နေမလို့လားမှမသိတာ"

"ကြံကြံဖန်ဖန် သမီးရယ်၊ ပြန်လာမှာပေါ့။ ကဲ... တိတ်ပါ၊ ဖေဖေတို့ ပန်းခြံသွားရအောင်ပါ"

[၆]

ဂျော်နီ နိုးလာသောအခါ ညဖြစ်နေပြီ။ ဝန်းကျင်တစ်ခုလုံး မှောင်နေသည်။ သူသည် မရောက်ဖူးသော အခန်းတစ်ခန်းထဲ ရောက်နေ၏။ သူ့ခေါင်းမှာ ထုံပြီးကိုက်နေသည်။ သူသည် ညည်းတွားရင်း နံဘေးသို့ လက်ဆန့်လိုက်ရာ ပူနွေးသော အသားစိုင်တစ်ခုကို ထိတွေ့မိသည်။ သူသည် လှည့်ကြည့်လိုက်၏။ အမှောင်ထဲတွင် သူ့နံဘေးမှ အိပ်နေသော မိန်းကလေး၏ မျက်နှာကို သဲကွဲစွာမမြင်ရ။ မိန်းကလေးသည် ခေါင်းအုံးအောက်သို့ လက်တစ်ဖက်သွင်းရင်း အိပ်မောကျနေ၏။

ဂျော်နီသည် အတတ်နိုင်ဆုံး ဖြည်းညင်းစွာထရင်း မနေ့ညက အကြောင်းကို ပြန်စဉ်းစားသည်။ ဂျိုးက အရက်တွေ ထပ်မှာတာပဲ ပထမသတိရသည်။ နောက်တော့ တစ်စနှင့်တစ်စ အားလုံးပြန်၍ သတိရလာသည်။

သူသည် ၅ နာရီလောက် စတူဒီယိုသို့ ရောက်လာသည်။ ဂျိုးနှင့် တွေ့ရန်ဖြစ်သည်။ ဂျိုးက သူတို့ ကနေ့ ကားရိုက်ရမည်ဟု ပြောထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သူငှားထားသော မိန်းကလေးများမှာ ကနေ့ တစ်ရက်ပဲအားသည်ဟု ပြောထားသည် မဟုတ်ပါလား။

ရော်နီ စတူဒီယိုသို့ ရောက်လာသောအခါ ဂျိုးသည် မိန်းကလေး တစ်ယောက်နှင့် အော်ကြီးဟစ်ကျယ် စကားများနေသည်။ ဂျိုးကလည်း အော်သည်၊ မိန်းကလေးကလည်း အော်သည်။ နံဘေးမှ ဘီလ်–ဘိုဒင်းက မျက်နှာပျက်စွာ ရပ်ကြည့်နေ၏။ သူတို့ အော်နေကြသည်မှာ အဝတ်အစား ကိစ္စဟု ယေဘုယျ ရော်နီ သိသည်။ သို့သော် မသဲကွဲ။

မိန်းကလေးက အော်ပြန်သည်။

"ရှင် ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ ကျုပ်ကို ခေါင်းဆောင်တင်ပြီး ရိုက်မယ်ဆို၊ ကျုပ်ကိုယ်စားလှယ်က ရှင်တို့ကို တရားစွဲရလိမ့်မယ်"

ဂျိုးသည် ခဏငြိမ်သွားပြီးမှ နောက် ပေါက်ကွဲပြန်သည်။

"နေပါဦး၊ တရားစွဲရအောင်က မင်းက ဘာမို့လို့တုံး၊ မင်း တစ်ပတ် လုံးလုံး ဇာတ်စင်ပေါ်မှာ ဖင်ကချေးထွက်အောင် ကလို့ရတာထက် တို့က တစ်နေ့တည်းနဲ့ ပိုပေးထားပြီမဟုတ်လား။ မင်း ခေါင်းဆောင်ရိုက်ချင်ရင် အခု ဝတ်ထားတဲ့အဝတ် ချွတ်လိုက်ပေါ့။ အောက်ခံဘော်လီနဲ့ပဲရိုက်၊ ဒါပဲ၊ ဘယ့်နှယ် ဇာတ်စင်ပေါ်တုန်းကတော့ လုံးတီးနီးနီး ကခဲ့ပြီးမှ အရှက်ကြီး နေလိုက်တာ။ အေး မင်းကိုငှားတာလည်း အဲဒီ ကိုယ်လုံးကိုယ်ပေါက် သဘောကျပြီး ငှားခဲ့တာဟေ့"

မိန်းကလေးသည် ဘာပြန်ပြောရမှန်းမသိသကဲ့သို့ ခဏကြာကြာ ငြိမ်နေ၏။ နောက်မှ တစ်စုံတစ်ရာ ဆုံးဖြတ်လိုက်သည့်အလား...

"ကောင်းပြီ၊ လုပ်မယ်၊ ရိုက်မယ်။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် နော်"

မိန်းကလေးသည် ပြောပြောဆိုဆို သူဝတ်လာသော ဂါဝန်ကို ခေါင်းပေါ်မှကျော်ပြီးချွတ်၍ ဂျိုး ခြေရင်းသို့ လှမ်းပစ်ပေးလိုက်သည်။

မိန်းကလေးသည် ဂါဝန်ချွတ်လိုက်သောအခါ ဘာမျှဝတ်ဆင်ထား ခြင်းမရှိ။ ဂျိုးသည် အံ့ဩသွားပြီး ဂါဝန်ကို ကောက်ယူကာ မိန်းကလေးထံ ပြေးသွားပြီး ဖုံးကွယ်ပေးလိုက်ရသည်။ ဘိုဒင်းက မျက်နှာလွှဲလိုက်သည်။

မိန်းကလေးသည် ဂျိုးတန်နှာ ယူလာသော ဂါဝန်နှင့် ပြန်ဖုံးကွယ်

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ပြီး အေးဆေးစွာ ပြောလိုက်ပြန်သည်။

"အောက်ခံဘော်လီ ဝတ်ရိုက်စေချင်ရင်တော့ ရှင်တို့က ငှားမှဖြစ်မယ်ရှင့်၊ ကျွန်မက အိုက်လွန်းလို့ အတွင်းခံ မဝတ်ခဲ့မိဘူး"

ဂျိုးနှင့် မိန်းကလေးတို့မှာ တစ်ဦးနှင့်တစ်ဦး ခဏမျှ ကြည့်ပြီးနောက် အားရပါးရ ရယ်မောလိုက်ကြ၏။ သူတို့နှစ်ဦး ပြေလည်သွားကြပြီဖြစ်၏။ ထိုအချိန်မှ ဂျော်နီကို မြင်သွားသဖြင့် ဂျိုးသည် ဂျော်နီ့ဆီသို့ လျှောက်လာခဲ့သည်။

"ကဲ... ဒါပဲကြည့်ပါတော့ မောင်ရာ၊ ငါ ဘာတွေ ရင်ဆိုင်နေရသလဲ ဆိုတာ..."

ဂျော်နီက ပြုံးဖြဲဖြဲနှင့်...

"ဟုတ်တာပေါ့လေ၊ ခက်ခက်ခဲခဲ ရင်ဆိုင်နေရတာကိုး"

ဂျိုးက ဂျော်နီ့အတွေးကို သဘောပေါက်သွား၏။

"အလုပ်သဘောပါ မောင်ရာ၊ ဒီကောင်မလေးတွေဟာ ကိုင်ရတွယ်ရ သိပ်ခက်တယ်ကွာ။ သူတို့ကို ဘယ်လိုနားလည်ရမှန်းကိုမသိဘူး"

ဂျော်နီကမူ ပြုံးဖြဲဖြဲပင်...

"အဲဒီလိုဆိုလည်း ခင်ဗျား အဆင်ပြေသလို ကိုင်ပေါ့ဗျာ"

ဂျိုးသည် ဂျော်နီကို ခွန်းတုံ့မပြန်တော့ဘဲ...

"ကဲ မောင်မင်းကြီးသား၊ ပြစက်အခန်းထဲကိုကြွ၊ မောင်ရင် ကြည့်စရာရှိတဲ့ကားတွေ သွားကြည့်။ မင်းကိစ္စပြီးတဲ့အချိန်လောက်မယ် ငါလည်း ကားရိုက်ပြီးမှာနဲ့ အတော်ပဲ။ အဲဒီတော့မှ စားကြသောက်ကြတာပေါ့၊ ဟုတ်လား"

ဂျော်နီသည် "ကောင်းပါပြီ၊ ကောင်းပါပြီ" ဟု အာမဘာန္တေခံရင်း စတူဒီယိုထဲမှ ထွက်ခဲ့လေသည်။

ဂျော်နီ ထွက်လာသည်နှင့် ဂျိုးက ပြန်ခေါ်သည်။ ပြီးတော့ တိုးတိုး ပြောသည်။

"ငါ စဉ်းစားတယ်ကွ၊ ညနေကျရင် ကောင်မလေးနှစ်ယောက်လောက် ခေါ်ထားရင် ကောင်းမယ်ထင်တယ်နော်။ ရိုချက်စတာမှာ မင်းဇာတ်မြှုပ်နေရတာ အလုပ်ချည်းပဲကွ"

mgyoe.com

mgyoe.com SAMPLE BOOK


ဂျော်နီသည် မရယ်ဘဲ မနေနိုင်တော့။

"အေးဗျာ၊ အခုလို ကျွန်တော့်အတွက် စဉ်းစားဖော်ရတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် မိန်းမ မရှိရင်လည်း ရပါတယ်"

နောက် သူနှင့် ဘိုဒင်းတို့ စတူဒီယိုထဲမှထွက်ပြီး ပြစက်ခန်းသို့ လျှောက်လာခဲ့ကြသည်။ ထိုပြစက်အခန်းတွင် ကားထုပ်များကို တစ်ထုပ်ပြီး တစ်ထုပ် ကြည့်ရသည်။ သူ ရုပ်ရှင်ကြည့်ပြီး ထွက်လာသည့်အခါတွင် ဂျိုးတစ်ယောက် ရုပ်ရှင်ရိုက်ပြီးသည့်အပြင် မိန်းကလေးနှစ်ဦးနှင့်အတူ စောင့်နေသည်ကို တွေ့ရ၏။

ဂျိုးက မိန်းကလေးနှစ်ယောက်နှင့် ဂျော်နီကို မိတ်ဆက်ပေး၏။ တစ်ယောက်မှာ စောစောက ဂျိုးနှင့် စကားများခဲ့သူဖြစ်သည်။ သူ့နာမည်မှာ မေအယ်နီရမ်ဖြစ်ပြီး တခြားရွှေရောင်ဆံပင်နှင့် မိန်းကလေးမှာ ဖလိုဒီလေး ဖြစ်သည်။

"သူက ကျုပ်တို့ရဲ့ အကြီးဆုံးဖောက်သည်ပေါ့ဗျာ။ ကောင်းကောင်း မွန်မွန် ဆက်ဆံကြနော်"

ဂျိုးက ဂျော်နီကို ဤပုံမိတ်ဆက်ပေးသည်။ နောက် သူတို့လေး ယောက် ညစာ သွားစားကြသည်။ ပြီးမှ ဂျိုးသည် ဆေးပြင်းလိပ်တစ်လိပ် မီးညှိလိုက်၏။

"ဘယ်လိုလဲ ဂျော်နီ၊ ရုပ်ရှင်ရိုက်ဖို့ ပီတာကို ဆွေးနွေးပြီးပြီလား"

"အကြမ်းဖျင်းတော့ တီးခေါက်ကြည့်ပါတယ်၊ စိတ်ဝင်စားပုံပါပဲ"

"ဘိုဒင်းက ဘုရွတ်ကလင်းမှာ စတူဒီယို အသစ်တစ်လုံး တည်နေတယ်။ အခုနေ ပီတာသာ ဝင်လုပ်ရင် သိပ်အဆင်ပြေမှာပဲ"

"အေးဗျာ... သူ စိတ်ဝင်စားပါတယ်။ ကျွန်တော့် အထင်တော့ လုပ်မယ်ဗျာ"

ထိုစဉ် မေက သည်းမခံနိုင်တော့ဘဲ...

"ရှင်တို့ ယောကျာ်းတွေက ဘယ်လိုလဲ၊ အလုပ်အကြောင်းပဲ ပြော နေကြတော့မှာလား။ ခဏတစ်ဖြုတ်လည်း အလုပ်တွေ ဘာတွေ ခေါက် ထားလိုက်စမ်းပါ"

ဂျိုးက ခေါင်းဆတ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဟုတ်ပါ့... မှန်ပါ့၊ ပျော်ပျော်ပါးပါး အနားယူတာ ကောင်းပါတယ်။ ဟော့... ဘွိုင်၊ နောက်ထပ် ဝိုင်ယူခဲ့ဦးဟော့"

အရက်သောက်ရင်း ဂျိုးနှင့် ဂျော်နီတို့နှစ်ယောက် အငြင်းအခုံ ဖြစ်နေကြသည်။ ဂျော်နီ ရုပ်ရှင် ဘယ်နှရုံပိုင်သလဲဆိုသည့်အကြောင်း၊ ဂျိုးက ၂၁ ရုံပိုင်ကြောင်းပြောပြီး၊ ဂျော်နီက ရုံ ၂၀ သာပိုင်ကြောင်း ပြန်ငြင်းသည်။

ဖလိုတို့ မိန်းကလေးများကမူ ဂျော်နီ့အသက်အရွယ်နှင့် ရုပ်ရှင်ရုံတွေ အများကြီးပိုင်ကြောင်း သိရ၍ အံ့သြနေ၏။ ဂျိုးက ဂျော်နီမှာ အလုပ်များသော ပုဂ္ဂိုလ်ဖြစ်သဖြင့် ကိုယ့်ဘာသာကိုယ်ပင် ဘယ်နှရုံပိုင်မှန်းမသိကြောင်း ဖြင့် အဆင်းကို ဘီးတပ်ပေးနေသည်။

သူတို့ အခန်းပြန်ရောက်သောအခါ ဂျိုးမှာ အတော်မူးနေပြီဖြစ်သည်။ အိပ်ရာပေါ်သို့ အတော်ရောက်အောင် ပို့ယူရသည်။ မဲ အနေနှင့်လည်း မူးလည်းမူး၊ ပင်လည်း ပင်ပန်းလှသဖြင့် ဂျိုးနံဘေးမှာ လှဲချအိပ်ပျော်သွားလေသည်။

ဂျော်နီနှင့် ဖလိုတို့သည် ဂျိုးအခန်းမှ ထွက်လာခဲ့ကြပြီး၊ တခြားအိပ်ခန်းတစ်ခုထဲသို့ ဝင်လိုက်ပြီး တံခါးပိတ်လိုက်သည်။ ဖလိုက ပြုံးစစနှင့် သူ့ကို သဘောကျရဲ့လားဟု မေးသည်။ ဂျော်နီက သဘောကျကြောင်း ပြန်ပြော၏။ သည်တွင် ဖလိုက မေးသည်။

"ဒါဖြင့်... ဘာစောင့်နေတာလဲ"

ဂျော်နီသည် ခဏမျှ ဖလိုကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ဖလို၏ ကိုယ်လုံးကလေးကို သူ့ရင်ခွင်ထဲသို့ ဆွဲယူလိုက်ပြီး နမ်းလိုက်သည်။ ဂျော်နီ၏ လက်များက ဖလို၏အဝတ်များကို တစ်စစီဖယ်ရှားရန် ကြိုးစားနေသည်။ ဖလိုက...

"ဖြည်းဖြည်းပေါ့... ဂျော်နီရယ်၊ ကိုယ်ဖြုတ်ပေးပါ့မယ်"

လူချင်း ခွာပြီးသည်နှင့် ဖလိုသည် သူ့ကိုယ်ပေါ်မှ အဝတ်များကို ချွတ်လိုက်၏။ ပြီးတော့ ဂျော်နီ လှဲအိပ်နေသော ခုတင်ပေါ်သို့ တက်လိုက်လေသည်။

ဂျော်နီ အိပ်ရာမှ နိုးလာသောအခါ တစ်ခေါင်းလုံး အုံပြီးကိုက်နေ၏။

mgyoe.com

mgyoe.com SAMPLE BOOK


ဂျော်နီသည် သူ့အဝတ်အစားများကို ရှာဖွေဝတ်လိုက်ပြီး ဘယ်သူ့ကိုမျှ နှုတ်မဆက်တော့ဘဲ ဂျိုးအခန်းထဲမှ တူတာရုံသို့ ထွက်လာခဲ့လေသည်။

[၇]

ဤသို့နှင့် ဆောင်းဥတုသို့ ရောက်လာ၏။

ဂျော်နီသည် မီးဖိုချောင်ထဲ ဝင်လိုက်သည်။ အက်စသာကိုသာပဲ တွေ့ရသည်။

"ပီတာကော..."

"လမ်းလျှောက်သွားလေရဲ့"

"ဗျာ... ချမ်းချမ်းစီးစီး ဒီအချိန်ကြီးဗျာ"

"ဟုတ်တယ်...၊ သူ့ကြည့်ရတာ တစ်ခုခု မတင်မကျဖြစ်နေပုံမျိုးပဲ"

"ဟုတ်လား၊ ဘယ်လိုဖြစ်တာတုံး"

"ရုပ်ရှင်ရုံစကတည်းက သူအမြဲ စိတ်လှုပ်ရှားနေတယ်။ နှင်းတွေကျတာကိုကြည့်ပြီး စိတ်ညစ်နေပုံပဲ"

ဂျော်နီက သူ့အတွေးနှင့်သူပြုံးသည်။ ပြီးမှ...

"ဒီလောက်လည်း မဆိုးပါဘူးဗျာ၊ နေကတော့ ဘယ်အမြဲသာနိုင်ပါ့မလဲ"

"အက်စသာလည်း ပြောပါတယ်... မရဘူး။ ဘာပဲပြောပြော ဒီရုပ်ရှင်လုပ်ငန်းဟာ ခုထက်ထိ ဟန်နေတာပဲမဟုတ်လား။ အရင်တုန်းက ဆိုရင် ပီတာက ဒီလိုမဟုတ်ဘူး။ နယူးယောက်မှာ ဒေါရစ်နေမကောင်းလို့ ဆရာဝန်က နယ်သွားပါလို့ အကြံပေးလိုက်ရုံနဲ့ ချက်ချင်း ရှိချက်စတာကို ပြောင်းလာခဲ့တာပဲ။ အခု အဲဒီလို လုပ်နိုင်ပါ့မလား၊ မသေချာတော့ဘူး"

ဂျော်နီသည် အက်စသာစကားကြောင့် အားနာသွား၏။

"ခုတလော သူ နည်းနည်း အလုပ်ပန်းသွားလို့ နေမှာပါဗျာ"

"အလုပ်ပင်ပန်းတာကြောင့် ဟုတ်မယ်မထင်ပါဘူး။ တကယ်တော့ ရုပ်ရှင်ရုံမှာ သူ့အလုပ်ရှိတာမှမဟုတ်တာ။ မင်းပဲ အကုန်လုပ်နေတာပဲဟာ"

"ဟာ... သူက တာဝန်ရှိတာဗျ"

"ထားပါတော့လေ... ထားပါတော့။ ဒါပေမဲ့ ပီတာ့ခေါင်းထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခုခု တွေးနေပုံပဲ ဂျော်နီရဲ့"

အက်စသာသည် ပီတာ သူ့အဖေ၏ ကုန်စုံဆိုင်သို့ ရောက်လာပုံ၊ အလုပ်လုပ်ပုံ၊ သူနှင့်ချစ်ကြိုက်ပုံ၊ နောက် သူ့အဖေထံမှ သူ့ကို တောင်းရမ်းယူပုံ၊ သူ့အဖေ ဆုံးသွားသောအခါ ကုန်စုံဆိုင်လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခဲ့ပုံများကို ပြန်သတိရသည်။

သူတို့ သားသမီးနှစ်ယောက် ထွန်းကားသည်အထိ ပီတာသည် အေးဆေးစွာ နေခဲ့သူဖြစ်သည်။ ယခု ပီတာသည် စိတ်လှုပ်ရှားနေပုံရသည်။ အမှန်ကတော့ ရုပ်ရှင်နတ်က ဖမ်းစားနေပြီဖြစ်သည်။

ထိုစဉ် တံခါးဖွင့်သံကြားရပြီး ပီတာ ဝင်လာသည်။

"နှင်းတွေ သိပ်ကျတာပဲ။ အခုပုံတိုင်းဆိုရင် နက်ဖြန် ပြလို့ရမယ် မထင်ဘူး"

ဂျော်နီသည် ပီတာ့ကို ကြည့်လိုက်၏။

"ဟုတ်တယ်၊ ပြလို့ မဖြစ်သေးဘူးနဲ့တူတယ်။ ဒါကြောင့်... ကျွန်တော်တောင် နယူးယောက်သွားပြီး ဂျိုးနဲ့ တွေ့ဦးမလား စဉ်းစားနေတယ်။ ပီတာ လိုက်တွေ့ပါဦးလား"

"ဘာလုပ်ဖို့လဲ၊ ကိုယ် စိတ်မဝင်စားဘူးလို့ ပြောထားသားနဲ့"

ဂျော်နီက တစ်စုံတစ်ရာ မပြောရသေးမီ အက်စသာက ဝင်မေးလိုက်၏။

"နေပါဦး... ဂျော်နီ၊ မင်းက ပီတာကို ဘာလုပ်ဖို့ပြောထားလို့လဲ"

ဂျော်နီသည် မလုံမလဲနှင့် အက်စသာကို ကြည့်လိုက်သည်။

"ဒီလိုပါ အက်စသာ၊ အခု ဘိုဒင်းဟာ စတူဒီယိုသစ် ဆောက်နေတယ်။ အဟောင်းကို ရောင်းပစ်ရမှာ။ အဲဒါ ပီတာကို လိုက်ကြည့်ဖို့ ပြောနေတာ။ တကယ်လို့ ပီတာ သဘောကျရင် ပီတာရယ်၊ ဂျိုးရယ်၊ ကျွန်တော်ရယ် လုပ်ကြရအောင်လို့ ပြောတာပါ"

"ဘာလဲ၊ ရုပ်ရှင်ရိုက်ဖို့လား"

"ဟုတ်တယ်၊ ရုပ်ရှင်ရိုက်ဖို့၊ ရုပ်ရှင်လုပ်ငန်းဟာ တစ်နေ့တခြား ကြီးထွားနေတာ။ ဒီတော့ ခုကတည်းက ဝင်လုပ်ထားရင် ဒါ ပွပေါက်ပဲ မဟုတ်လား"
mgyoe.com

mgyoe.com SAMPLE BOOK


ကျော်နီသည် အက်စသာ မဲရလျှင် အခြေအနေပိုကောင်းနိုင်ကြောင်း သိသဖြင့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို ပြည့်ပြည့်စုံစုံ အားရပါးရ ပြောပြလေသည်။

အက်စသာသည် ကျော်နီ ပြောသမျှကို ဂရုတစိုက် နားထောင်သည်။ ပြီး ယခုတလော ပီတာတစ်ယောက် တစ်စုံတစ်ရာကြောင့် နေမထိထိုင်မသာဖြစ်နေပုံကို မြင်ယောင်သည်။

ထိုနေ့ည ၉ နာရီ အိပ်ရာဝင်ကြသောအခါ အက်စသာက စကားစလေသည်။

"ကျော်နီ ပြောတဲ့အတိုင်း ရှင်ကိုယ်တိုင် နယူးယောက်ကို လိုက်ကြည့်ပါလား"

"အို မဟုတ်တာ။ အလကား ကျော်နီက စိတ်ကူးယဉ်နေတာကိုး"

"ရှင် ဒီလိုမပြောနဲ့လေ။ ရုပ်ရှင်ပြဖို့တုန်းက သူ့စိတ်ကူးမှန်လို့ ကြီးပွားခဲ့တယ်မဟုတ်လား။ အခုလည်း မှန်ချင်မှန်နေမှာပေါ့"

"ဟိုဟာတုန်းက တစ်မျိုးလေ။ ပြရုံပြရတာ၊ အရင်းအနှီးက မကြီးဘူး။ နောက်ဆုံး အခြေအနေမကောင်းတော့ရင် ရုံပိတ်လိုက်ရုံပဲ။ အခုဟာက ငွေအရင်းအနှီး အများကြီးမြှုပ်ရမှာ။ ဖြစ်လာရင် ကောင်းပါရဲ့၊ မဖြစ်ရင် ပြုတ်မှာ"

"ကျော်နီတွက်ပြတာတော့ ရုံတွေက မှိုတွေပေါက်လာသလို၊ တစ်နေ့တခြားများလာဆို။ ရုံတွေများရင် ကားတွေလိုမယ်၊ ကားတွေလိုရင် ထုတ်လုပ်တဲ့လုပ်ငန်းဟာ ကျော်နီပြောသလို ကြီးပွားနိုင်သားပဲ"

ထိုအခါမှ ပီတာက တစ်စုံတစ်ရာ သွားတွေးမိသည်။

"နေပါဦး အက်စသာရဲ့၊ မင်းက ဘယ်လိုများ စိတ်ကူးပေါက်ပြီး ချက်ချင်းကြီး ကျော်နီ့စကားတွေကို စိတ်ဝင်စားလာရတာတုံး"

"ရှင်က စိတ်ဝင်စားပြီး နေမထိထိုင်မသာ ဖြစ်နေတာကိုး။ ရှင်းရှင်းပေါ့၊ ပီတာလည်း ဆင်ခြေရှာမနေပါနဲ့တော့"

ပီတာသည် ရုတ်တရက် စကားပြန်မပြော၊ သူ့စိတ်ထဲကမူ သူ့ဇနီး ပြောစကားဟာ မှန်ပေသားပဲဟု တွေးမိသည်။ သူသည် သူ့စိတ်ကို သူ မနိုင်သဖြင့်သာ ကျော်နီ့စကားများကို စိတ်မဝင်စားချင်ဟန်ဆောင်နေခြင်း

mgyoe.com

m gyoe.com  SAMPLE BOOK 

ဖြစ်ကြောင်း သူသိသည်။

ပီတာက စကားမပြန်သဖြင့် အက်စသာက ဆက်ရပြန်၏။

"ကျွန်မ စိတ်ထဲမယ် ဂျော်နီ့စိတ်ကူးဟာ မဆိုးဘူး ထင်တယ်နော်"

"အိုကွာ... ငါတော့ အိပ်ချင်ပြီ"

ပီတာသည် စကားပြောင်းသွားရင်း လမ်းကြောင်းပိတ်လိုက်၏။ အက်စသာက မရပေ။

"ဒီမယ် ပီတာ၊ ကျွန်မတို့ သမီးကလေး ဒေါရစ် ကျန်းမာရေး အတွက် နယူးယောက်ကနေ အခု ရှိချက်စတာကို ကျွန်မတို့ ထွက်လာခဲ့ ကြတယ်မဟုတ်လား။ အခုတော့ သမီးလည်း နေကောင်းပြီလေ။ အမှန် အတိုင်းပြောရရင် ကျွန်မလည်း ဒီရှိချက်စတာမှာ မျိုးမရှိ ဆွေမရှိ ပျင်းလာပြီ။ အဲဒီတော့ ပီတာ့ကို ကျွန်မ တစ်ခုပြောချင်တယ်လေ။ ဂျော်နီ ပြောသလို လိုက်ကြည့်ပေါ့။ မဟုတ်ဘူး၊ မကောင်းဘူးထင်ရင် မလုပ်ရုံပေါ့။ သွားတော့ ကြည့်စေချင်တယ်"

ပီတာသည် စကားနည်းသော သူ့မိန်းမ ဤမျှ ရှည်လျားစွာ ပြောခြင်းကို နားထောင်နေပါ၏။ အက်စသာဆိုသည့် မိန်းမမှာ 'ဆိုခဲစေ-မြဲစေ'ဆိုသော မိန်းမမျိုးဖြစ်သည်။ ပြီးတော့ မှန်ရာကိုလည်း ပြောတတ်သူ ဖြစ်သည်။ သည်တော့ သူ့အနေဖြင့် အာမဘာန္တေ ခံရပြန်တော့သည်။

"အေးပါကွာ၊ ဒါဖြင့် ကိုယ်လိုက်ကြည့်ပါ့မယ်"

"နက်ဖြန်နော်"

"အေးပါ၊ နက်ဖြန်ပါပဲ။ ဒါပေမဲ့ လုပ်မယ်၊ မလုပ်ဘူး ဆုံးဖြတ်ဖို့ မဟုတ်ဘူးနော်။ သွားကြည့်ရုံတင် ကြည့်ဦးမှာ"

လင်မယားနှစ်ယောက်သား ထပ်စကားမပြောကြတော့။ ပီတာသည် ခဏအတွင်း အိပ်ပျော်သွားလေသည်။ အက်စသာသည် သူ့ယောကျ်ား၏ အသက်ရှူသံကို နားထောင်ရင်း...

"သြော်... ယောကျ်ားတွေများ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို လုပ်ချင် တာများ တိုက်တွန်းတဲ့လူကို စောင့်နေသေးတယ်နော်" ဟု တွေးမိပြီး ပြုံးမိလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

[၈]

ပိတာနှင့် ဂျော်နီတို့သည် နယူးယောက်မြို့သို့ သွားကြသည်၊ ဂျိုးနှင့် တွေ့သည်။ စတူဒီယိုကိုကြည့်သည်၊ ပြီးတော့ ပြန်လာကြသည်။ အပြန်လမ်း ရထားပေါ်တွင် ပိတာသည် ဆိတ်ငြိမ်စွာ လိုက်ပါလာ၏။ ဂျော်နီသည် ပိတာ သူ့အတွေးနှင့်သူ နေကြောင်း သိရသဖြင့် ဘာမျှ မပြောပေ။ ရထား ဘူတာဆိုက်ပြီး ဘူတာမှ အိမ်ဘက်သို့ လမ်းလျှောက်ပြန်ခဲ့ရာ အိမ်နား ရောက်ခါနီးမှ ပိတာက စကားစသည်။

"အလုပ်က ဂျော်နီ မင်းတွေးသလောက် မလွယ်ဘူး"

ဂျော်နီသည် ပိတာ့စကားကို မဖြေ။ အမှန်အားဖြင့် ပိတာသည် သူ့ဘာသာသူ စကားပြောနေခြင်းဖြစ်ကြောင်း ဂျော်နီ သိသည်။ ပိတာက ဆက်ပြန်၏။

"ရှိချက်စတာမှာက အခြေတကျ ဖြစ်နေပြီးသား။ အခုဆိုရင် ကုန်စုံဆိုင်လုပ်ငန်းရယ်၊ ရုပ်ရှင်လုပ်ငန်းရယ်ဆိုတော့ နှစ်ခုတောင် ရှိနေတာ။ ပြီးတော့ အိမ်ကလည်း ရှိနေသေးတယ်။ ရုပ်ရှင်ရိုက်တဲ့ လုပ်ငန်း ဆိုတာက အရင်းအနှီးက ကြီးတယ်မဟုတ်လား။ အဲဒါတွေ အားလုံးရောင်း မှဖြစ်မှာ။ နောက်သုံးလေးလ ဆိုရင်တော့ မပြောတတ်ဘူး"

ဂျော်နီက ပြောရန် ဖြစ်လာ၏။

"ဘိုဒင်းက သူ့ စတူဒီယိုနဲ့ပစ္စည်းတွေကို ရောင်းဖို့ ဘယ် သုံးလေးလ စောင့်မလဲ"

"ဟုတ်ပါတယ်၊ ဒါလည်း ကိုယ်နားလည်ပါတယ်။ ဒါပေမဲ့ ခက်တာက ငွေ မဟုတ်လား။ အခုပဲ ဘိုဒင်းက အနည်းဆုံး ဒေါ်လာ ၂၀၀၀ ချက်ချင်းလိုချင်နေတာ၊ ကိုယ့်မှာလည်းမရှိဘူး။ အဲဒီတော့ မခက် ဘူးလား။ ပြီးတော့ လုပ်ငန်းကလည်း အောင်မြင်ချင်မှ အောင်မြင်မှာ"

"အောင်မြင်တာတော့ အောင်မြင်မှာပါလေ။ ဘာလို့လဲဆိုတော့ ဂျိုးက ကျွန်တော့်ကို ရိုက်ပေးမှာမဟုတ်လား။ အခု ဘိုဒင်းကားတွေကို ကြည့်လေ။ ဂျိုးရိုက်တာတွေမှန်သမျှ အကောင်းချည်းပဲ၊ မရှုံးနိုင်ပါဘူး"

"အေးလေ... ကြည့်သေးတာပေါ့"

ပိတာသည် အိမ်နားရောက်သည်နှင့် စကားဖြတ်၍ အိမ်ထဲဝင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျော်နီကမူ အိမ်ထဲမလိုက်တော့ဘဲ ရုံဘက်သို့ ထွက်သည်။ ရုံရှေ့ အအေးဆိုင်တွင် ဂျော့ ထိုင်နေသည်။ ဂျော့က ဂျော်နီကို နှုတ်ဆက်ပြီး ထိုင်ခိုင်းသည်။ ပြီးတော့ ကော်ဖီတိုက်သည်။ ဂျော်နီသည် ကော်ဖီသောက်ရင်း ဂျော့ကို ကြည့်သည်။

"ကျွန်တော်က ခင်ဗျား ဆိုင်မထွက်ဘူးတောင် ထင်နေတာ။ ဒီလောက်နှင်းတွေကျနေလို့ ဘယ်သူမှလာကြည့်ကြမှာမဟုတ်တာ"

"ဘယ့်နှယ်မလာရမှာလဲ။ မနေ့ညကဆိုရင် အများကြီးပဲလာတာ။ မင်းတို့ရုံဖွင့်ဖို့ စောင့်နေကြတယ်လေ"

"ဟုတ်လား၊ ဒီနေ့ည ကျွန်တော်တို့ ပြန်လာမှ ပြမယ်လို့ မပြောလိုက်ဘူးလား"

ဂျော့သည် ပြုံးပြုံးကြီး လုပ်နေပြီးမှ...

"မပြောလိုက်ဘူး၊ ပီတာရဲ့ဇနီးကို သွားပြောပြီးတော့ ရုံဖွင့်ပြီး သွင်းလိုက်တာပေါ့"

"ကောင်းရောဗျာ၊ ဒါဖြင့် ပြစက် ဘယ်သူမောင်းသလဲ"

"ကျုပ်ပေါ့၊ ဂျော်နီ မောင်းတာတွေ နေ့တိုင်းမြင်နေတာပဲဟာ"

ဂျော်နီသည် ဘာမျှမပြောတော့။ သူ့စိတ်ထဲတွင် နှင်းတွေကျနေသော အချိန်တွင်ပင် လူတွေလာကြည့်ခြင်းကို အံ့သြသည်။ ဂျော်နီက ငေးနေသည်တွင် ဂျော့က ခေါ်သည်။

"ဂျော်နီ"

"ဟင်"

"ပီတာ့မိန်းမက ပြောတယ်။ မောင်ရင်တို့ နယူးယောက်ကို ရုပ်ရှင်လုပ်ငန်းလုပ်ဖို့ သွားကြည့်တာဆို"

"ဆိုပါစို့လေ"

"ဒါဖြင့် ဒီရုပ်ရှင်ရုံကို ဘယ်လိုလုပ်ခဲ့မယ် စိတ်ကူးသလဲဟင်၊ ရောင်းခဲ့မှာလား"

"အခြေအနေအရပေါ့"

ဂျော်နီက ပေါ့ပေါ့ဖြေသော်လည်း ဂျော့ကမူ စကားတစ်ခွန်းပြောရမည့်အရေး များစွာနှောင့်နှေးနေပေသည်။ နောက်ဆုံး အားတင်းပြီးမှ...

mgyoe.com

mgyoe.com

"ပီတာက ရောင်းဖို့ ဆုံးဖြတ်ခဲ့ရင် ကိုယ့်ကို ရောင်းမှ ရောင်းမလား ပဲနော်"

သည်တစ်ခါ အံ့သြရသူက ဂျော်နီဖြစ်သည်။

"အို... ရောင်းတဲ့နောက်တော့ ကြိုက်ဈေးရရင် ဘယ်သူဖြစ်ဖြစ် ရောင်းမှာပေါ့ ဂျော့ရဲ့။ နေပါဦး ဂျော့က ဝယ်ချင်လို့လား"

ဂျော့သည် ချက်ချင်း ပြန်မဖြေဘဲ မျက်လွှာချထားလိုက်သည်။ ပြီးမှ –

"ကိုယ်တို့ လွန်ခဲ့တဲ့ ၁၅ နှစ်တုန်းက ဂရိကနေ အမေရိကကို ပြောင်းလာခဲ့တယ်။ ဆင်းဆင်းရဲရဲနေပြီး ရသမျှ စုခဲ့ရတာပေါ့။ အစတုန်းကတော့ မစားမသောက် ခြိုးခြံငွေစုမယ်၊ ရရင် ဂရိပြန်မယ်ပေါ့။ ခုတော့ ပြန်ဖြစ်မယ်လည်း မထင်တော့ပါဘူး။ မပြန်ဖြစ်မယ့်တူတူ ရုပ်ရှင်လုပ်ငန်း လုပ်ရရင်ကောင်းမလားလို့"

"ဘယ်လိုဘယ်လိုများ စိတ်ကူးပေါက်လာတာလဲ ဂျော့ရဲ့"

"ကိုယ် နေ့တိုင်း သတင်းစာထဲမှာ ရုပ်ရှင်လုပ်ငန်း ကြီးမားလာတာ တွေ့တယ်လေ။ တကယ်လို့ သင့်မြတ်တဲ့ဈေးနဲ့ ပီတာကရောင်းရင် ဒီအဆောက်အဦတစ်ခုလုံး ဝယ်မယ်။ ကုန်စုံဆိုင်ဖြုတ်လိုက်ပြီး နယူးယောက်ကလို ရုပ်ရှင်ရုံသက်သက် ဖွင့်ပစ်လိုက်မှာ"

ဂျော်နီသည် ဂျော့စကားကို ဆုံးအောင် နားမထောင်တော့ဘဲ ဂျော့ကိုဆွဲ၍ ပီတာထံ ခေါ်သွား၏။

ထိုအချိန်၌ ပီတာသည် ဘိုဒင်း၏ တောင်းဆိုချက်များကို အက်စသာအား ပြန်ပြောပြနေပြီး သူ့အနေနှင့် ငွေမမိကြောင်း ရှင်းပြနေချိန်ဖြစ်၏။

သည်တွင် ဂျော်နီနှင့် ဂျော့က ဝင်လာကြသည်။ ဂျော်နီသည် မြူးထူးခုန်ပေါက်လျက်ရှိသည်။

"အောင်ပြီဗျို့... အောင်ပြီ... ကျွန်တော်တို့ အဆောက်အဦကြီး တစ်ခုလုံးကို ဂျော့က ဝယ်မယ်တဲ့ဗျ"

"ခဏလေး ငြိမ်ငြိမ်နေပါဦး အရူးရဲ့၊ ဘယ်သူက ဝယ်မယ်။ ဂျော့က– ဟုတ်လား... ဘယ်မှာလဲ ပိုက်ဆံ"

"ပိုက်ဆံ သူ့မှာရှိတယ်တဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

သည်အခါ ပီတာ အံ့သြရပြန်သည်။ နောက် ဂျော့ကို အကျိုးအကြောင်းပြောရာ ရှက်တတ်သော ဂျော့က စကားမထွက်။ အက်စသာက ဝင်ရောက်ပြီး ကော်ဖီသောက်ရင်း အေးအေးဆေးဆေး ပြောကြရန် စီစဉ်ပေးလိုက်လေသည်။

*

သို့နှင့် အားလုံး ပြေလည်သွားကြလေသည်။

ဂျော့သည် အဆောက်အဦကြီးတစ်ခုလုံးကို ၁၂၀၀၀ နှင့် ဝယ်သည်။ တစ်ဝက်ကို လက်ငင်းချေ၊ တစ်ဝက်ကို ဖြည်းဖြည်းဆပ် စနစ်နှင့်။ ကုန်စုံဆိုင်ပစ္စည်းများကိုမူ ဈေးရင်းနှင့်ပင် တခြား ကုန်စုံဆိုင်ရှင်တစ်ဦးသို့ ရောင်းလိုက်သည်။

နောက်ရက်မှာပင် ပီတာနှင့် ဘိုဒင်းတို့ စာချုပ် ချုပ်ဆိုကြပြန်သည်။ စာချုပ်အားလုံးကို လက်မှတ်ရေးထိုးပြီးသည့်ကာလ ဘိုဒင်းက...

"ကဲ ပီတာ၊ ခင်ဗျား ရုပ်ရှင်ရိုက်ဖို့တော့ ဖြစ်လာပြီ။ ကျုပ်အနေနဲ့ ကူညီနိုင်တာက လုပ်တတ်ကိုင်တတ်တဲ့ ကျုပ်အပေါင်းအသင်းတွေ တစ်ယောက်ယောက်ကို ခေါ်ပေးရမလား၊ ပြောနော်၊ အားမနာနဲ့"

ပီတာသည် ပြုံး၍ ခေါင်းယမ်းသည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မလိုပါဘူး"

ဘိုဒင်းသည် နည်းနည်းအောင့်သွားသည်။ သို့သော် သူက ဘာမျှ မပြောတော့။ သူတို့စားပွဲဝိုင်းမှာ ဘိုဒင်းနှင့် သူ့ဇနီး၊ ပီတာနှင့် အက်စသာ၊ ဂျော်နီနှင့် ဂျိုးတို့ရှိရာ ပါတီပွဲကလေး တစ်ခုပင်။ ထိုအခိုက် ဘိုဒင်းမှာ ထိုင်ရာမှ ရှမ်ပိန်ခွက်ကို ကိုင်မြှောက်ရင်း...

"ဆုတောင်းမင်္ဂလာ၊ အဲ... ပီတာ ခင်ဗျားကုမ္ပဏီနာမည်ပေးဦးလေ"

"ဟယ်... ဟုတ်သားပဲ။ ကျုပ်ဖြင့် ဘာမျှမစဉ်းစားရသေးဘူး"

ထိုအချိန်တွင် အက်စသာက ဝင်ရောက်ပြီး စောစောက သူတို့သောက်ကြသော၊ ဖွင့်ကြသော ရှမ်ပိန်ကို အကြောင်းပြု၍ 'မင်္ဂနမ်ရုပ်ရှင်' ဆိုရင်ကောဟု အကြံပြုရာ အားလုံး သဘောတူသွားကြလေ၏။

မင်္ဂနမ်ရုပ်ရှင်အတွက် သူတို့ ဆုတောင်းအရက်သောက်ကြလေ၏။ အရက်အတော်သောက်ပြီးကာမှ ပီတာကလည်း ချောင်းရှင်းလိုက်ပြီး...

"ဒီနေ့ဟာ ကျွန်တော့်ဘဝအတွက် ထူးခြားတဲ့နေ့တစ်နေ့ ဖြစ်ပါတယ်။ ကျွန်တော် ရုပ်ရှင်ထုတ်လုပ်ရေးကို ပထမဆုံး စတင်လုပ်ရတော့မယ့်နေ့ ဖြစ်လို့ပါပဲ။ ကုမ္ပဏီနာမည်ကိုလည်း ကျွန်တော့်ဇနီးက ပေးပြီးပါပြီ။ သည်တော့ ကျွန်တော့်အနေနဲ့ အရေးကြီးတဲ့ ကြေညာချက်တစ်ခု ကြေညာချင်ပါတယ်"

အားလုံးက ပျော်ရွှင်စွာ "ကြေညာပါဗျို့... ကြေညာပါဗျို့" ဟု အော်ကြ၏။ ပီတာက ပြုံးပြုံးကြီးနှင့်...

"ပထမ ကြေညာချင်တာကတော့ ဟောဒီကထိုင်နေတဲ့ မစ္စတာဂျိုးတန်နာကို မဂ္ဂနမ်ရုပ်ရှင်ရဲ့ ထုတ်လုပ်ရေးတာဝန်ခံအဖြစ် ခန့်အပ်လိုက်ကြောင်းပါပဲခင်ဗျ"

အားလုံး လက်ခုပ်တီးကြသည်။ သည်အခါမှ ဘိုဒင်းက သူ လူ့ရှာပေးမည်ဆိုစဉ်က မယုံ့ဘူးငြင်းခဲ့သည်ကို သဘောပေါက်တော့၏။ ပီတာသည် ဖန်ခွက်ကိုမြှောက်ရင်း...

"နောက်တစ်ခုကတော့ ကျွန်တော့်ရဲ့အစုရှင် ဂျော်နီ၊ အင်ကဲ(လ်)နဲ့ ဂျိုးတန်နာတို့အတွက် သောက်ကြပါစို့လား"

ဂျိုးက ပါးစပ်အဟောင်းသားဖြင့် ငေးနေ၏။

ဂျော်နီကမူ အံ့အားသင့်လွန်းသဖြင့် ဘာပြောရမှန်းမသိဘဲ ထလိုက်ကာ "ပီတာ..." ဟုသာ ခေါ်နိုင်ပြီး စကားမဆက်နိုင် ဖြစ်နေ၏။

ပီတာက ပြုံးကြည့်ရင်း...

"သိပ်လည်း ဝမ်းသာမနေနဲ့ဦးလေ ဂျော်နီရဲ့၊ ဂျော်နီရှယ်ယာက ဆယ်ရာခိုင်နှုန်းတည်းနော်"

ဂျော်နီသည် သိပ်ဝမ်းသာနေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## ပစ္စုပ္ပန်

၁၉၃၈ ခုနှစ်၊ အင်္ဂါနေ့။

ထိုင်ခုံကို နောက်မှီလိုက်ပြီး ငြိမ်နေရန်ပဲဖြစ်သည်။ ပထမဆုံး နားများ အူလာကြလိမ့်မည်။ နောက် ဝမ်းဗိုက်ထဲကပါ တင်းကျပ်လာလိမ့်မည်။ သည်အချိန်မှာပဲ လေယာဉ်ဘီးတွေဟာ ကွင်းမြေပြင်ကို ထိသွားတော့တာပါပဲ။

လေယာဉ်သည် နောက်ဆုံးရပ်သွားလေ၏။

ကျွန်တော်သည် မတ်တတ်ရပ်လိုက်သည်။ မတတ်သာ၍ လေယာဉ်ပျံကို အကြိမ်ကြိမ်စီးရသော်လည်း စီးရတိုင်း ကျွန်တော် ကြောက်ပါသည်။

ထိုစဉ် လေယာဉ်မယ်ကလေး အနားရောက်လာသည်။

"ဘယ်နှနာရီလဲကွဲ့"

"၉ နာရီ ၃၅ မိနစ်ပါရှင့်"

ကျွန်တော်သည် နာရီရွှေ့တိုက်လိုက်၏။ ယနေ့ လေယာဉ်ခေတ်တွင် အချိန်သည် ပြောင်းရွှေ့တတ်ပါကလား။

အပြင်ရောက်လျှင် နည်းနည်းအေးလာသည်။ ကျွန်တော်သည် လူအုပ်နောက်မှ ဖြည်းဖြည်းလျှောက်လိုက်ခဲ့သည်။ ကွင်းထဲ၌ ကြိုနေသူများထဲတွင် ဒေါ်ရစ်ကို လှမ်းမြင်သည်။ ဒေါ်ရစ်က ကျွန်တော့်ကို လက်လှမ်းပြသည်၊ ကျွန်တော်က လက်ပြန်ပြသည်။ အနားရောက်သည်နှင့် ဒေါ်ရစ်သည် ကျွန်တော့်ကို ပြေးဖက်လိုက်သည်။ ဒေါ်ရစ်ပါးစပ်မှ ဂါထာမန်းသလို

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဂျော်နီ... ဂျော်နီ" နှင့် ရေရွတ်နေသည်။ ဒေါ်ရစ်အသံမှာ တုန်ခါနေပါသည်။ ကျွန်တော်က ဒေါ်ရစ်ကိုပြန်ဖက်ရင်း ဟိုငယ်ငယ်တုန်းက ကလေးဘဝက ဒေါ်ရစ်၏ပြောစကားကို ကြားယောင်လာမိပါသည်။

"ကျွန်မတော့ အရွယ်ရောက်လာရင် အန်ကယ်ဂျော်နီကို လက်ထပ်ယူမှာပဲ"

ထိုသို့ပြောစဥ်က ဒေါ်ရစ်သည် ၁၂ နှစ်သမီးပဲ ရှိပါသေးသည်။ ကျွန်တော်တို့ ဟောလိဝုဒ်ရောက်မှ ပထမဆုံး မဂ္ဂနမ်ကုမ္ပဏီမှ ရိုက်ကူးပြီး နယူးယောက်ကိုပြရန် သွားချိန်က ဖြစ်သည်။ ပီတာ၊ အက်စသာတို့က ဘူတာလိုက်ပို့သည်။ အက်စသာက နယူးယောက်မှ ကောင်မချောချောလေးကို မယူခဲ့နဲ့ဦးနော်ဟု စသည်။ ကျွန်တော်က ကျွန်တော့်ကိုယူမယ့်မိန်းမ မရှိသေးပါဘူးဟု ပြန်ပြောသည်။ ထိုစဉ် နံဘေးကရပ်နေသော ဒေါ်ရစ်က ပြောခဲ့သော စကားဖြစ်ပါသည်။

အဲသည်တုန်းက ကျွန်တော်က ဘာပြန်ပြောမိသည်မသိ၊ အားလုံးက ဝိုင်းရယ်ကြသည်ပဲ မှတ်မိပါတော့သည်။

ယခုတော့ သည်ကလေးမ ဒေါ်ရစ်ကို ကျွန်တော် ဖက်ထားနေရပါသည်။ ကျွန်တော့်အနေနဲ့ ဒေါ်ရစ်ပြောစကားကို အမြဲမှတ်မိဖို့၊ ယုံခဲ့ဖို့ ကောင်းပါသည်။ ကျွန်တော်ကသာ ကလေးစကားကို မေ့မေ့ပျောက်ပျောက်ထားခဲ့မိ၍ ဘဝမှာ ရင်နာစရာကြုံခဲ့ရသည် မဟုတ်ပါလား။

ယခုတော့ လာမယ့်ဘေး ပြေးတွေ့ကြရုံပင်။ ကျွန်တော်သည် ဒေါ်ရစ်ကို အသာခွာလိုက်ပြီး...

"ပီတာ ဘယ့်နှယ်နေသလဲ"

"ဆရာဝန်က အိပ်ဆေးထိုးပေးထားတယ်။ မနက်ထိ အိပ်နေမယ် ပြောတာပဲ"

"ဆရာဝန်က ဘာပြောသလဲ ဟင်"

"ဆရာဝန်ကလည်း ဘာမျှသဲသဲကွဲကွဲ မပြောနိုင်သေးဘူး။ ဂျော်နီရယ်... ဒေါ်ရစ်တော့ သိပ်စိုးရိမ်တာပဲ။ ဖေဖေ့ ကြည့်ရတာက နေချင်စိတ်မရှိတော့သလိုပဲ၊ ဂရုမစိုက်တော့သလိုပဲ"

ဒေါ်ရစ်သည် ပြောရင်း ငိုသံပါလာသည်။ ကျွန်တော်က သူ့ပခုံးကို

mgyoe.com

mgyoe.com SAMPLE BOOK


တင်းတင်းဖက်ရင်း...

"အားမငယ်နဲ့လေ၊ သူ ပြန်နေကောင်းလာမှာပါ"

ထိုအခါမှ ဒေါ်ရစ်သည် ကျွန်တော့်ကို မော့ကြည့်ပြီး မျက်ရည်ကြားမှ ပြုံးပြပါသည်။ နောက် ကျွန်တော်တို့ နှစ်ယောက်အတူ ကျွန်တော့်အခန်းသို့ သွားကြသည်။ အခန်းတွင် ရေမိုးချိုး အဝတ်လဲရသည်။ နောက် တစ်ခုခုထွက်စားရန် စီစဉ်နေစဉ် ဖုန်းလာသည်။ ဂေါ်ဒွန်ထံမှ ဖြစ်သည်။ ကျွန်တော်က ဖုန်းကိုင်ရသည်။

"ဂျော်နီလား"

"အင်းပါ၊ ပြောလေ... ဘာလဲ"

"ဖုန်းထဲက ပြောလို့မဖြစ်ဘူး၊ လူချင်းတွေ့မှ ပြောချင်တာ"

သြော်... ဟောလိဝုဒ်သည့် ဘယ်သူ့ ဘယ်သူမှ မယုံကြပါလား။ ဖုန်းကိုလည်း မယုံပါလား။

"ကောင်းပြီလေ၊ ဒါဖြင့်ရင်... စားသောက်ပြီးရင် ခင်ဗျားအိမ်ကို ဝင်ခဲ့မယ်"

ကျွန်တော်သည် ဖုန်းချလိုက်ပြီး ဒေါ်ရစ်နှင့် စားသောက်ဆိုင်သို့ ထွက်လာခဲ့ကြသည်။

စားသောက်ဆိုင် ရောက်သောအခါ လူရှင်းနေပြီဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက် စားစရာများ မှာကြသည်။ ဒေါ်ရစ်သည် ကျွန်တော် ရောက်လာပြီဖြစ်၍ စိတ်အေးသွားဟန်နှင့် တော်တော်စားနိုင်သည်ကို မြင်ရသဖြင့် ဝမ်းသာရပြန်သည်။

စားသောက်ဆိုင်ကအပြန် ကတိအတိုင်း ဂေါ်ဒွန်အိမ်သို့ ဝင်ရသည်။ အိမ်တံခါးမှာ ကျွန်တော်တို့ မလာမီက ဖွင့်ပြီးဖြစ်နေသည်။ ဂေါ်ဒွန်တို့ ဇနီးမောင်နှံသည် အပေါက်ဝမှ ကြိုလျက် ကျွန်တော်နှင့်အတူ ဒေါ်ရစ်ကို မြင်သောအခါ ဂေါ်ဒွန် အံ့သြသွားပုံရသည်။ သို့သော် မေးသင့်သည်ကို မေးပါသည်။

"ပီတာ ဘယ့်နှယ်နေသေးလဲ ဟင်"

"နည်းနည်းသက်သာပါတယ်၊ အိပ်နေတယ်"

"အိပ်နေရင် ကောင်းပါတယ်၊ အားရှိတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK


ဂေါ်ဒွန်၏ ဇနီး ဂျူးကလည်း စကားဝင်ပြောသည်။ ကျွန်တော်သည် လိုရင်းရောက်စေရန် စကားဖြတ်လိုက်ရ၏။

"ဆိုပါဦး... ဂေါ်ဒွန်၊ ဘာများ အရေးကြီးနေတာတုံး"

ဂေါ်ဒွန်သည် ဘာဖြေရမှန်းမသိဘဲ ဒေါရစ်ကို ကြည့်လိုက်သည်။ အကင်းပါးသော ဂျူးက ဒေါရစ်ကို ကော်ဖီသောက်ရအောင်ဟု တစ်ဖက်ခန်းကို ခေါ်သွားလေသည်။ ကျွန်တော်နှင့် ဂေါ်ဒွန် နှစ်ဦးတည်း ကျန်ရစ်၏။ ကျွန်တော်က စမေးပါသည်။

"ဆို..."

"ဒီမှာတော့... ရွှန်ဆင်က မောင်ရင့်ကို တွယ်တော့မယ်ဆိုပြီး ကောလာဟလဖြစ်နေတယ်ဗျ"

ကျွန်တော်က ပြုံးရပါသည်။ ဟောလီဝုဒ်၏ အဓိက ထွက်ကုန်နှစ်ခုမှာ ရုပ်ရှင်နှင့် ကောလာဟလတို့ပင် မဟုတ်ပါလား။

"ဒါပဲလား၊ ဆိုပါဦး"

"မကသေးဘူးဗျ။ မောင်ရင့်ကို ရွှန်ဆင်က ဒီကိုမလာစေချင်ဘူး၊ မောင်ရင်က ထွက်လာတယ်။ မောင်ရင်လည်း ထွက်လာရော ရွှန်ဆင်က ကုမ္ပဏီကို ဖုန်းဆက်တယ်တဲ့။ နက်ဖြန် သူ လိုက်လာမယ်ဆိုပဲ"

"လိုက်လာ ဘာဖြစ်တုံး"

ကျွန်တော်က အေးအေးဆေးဆေး ပြန်ပြောရာ ဂေါ်ဒွန်သည် အောင့်သိအောင့်သက် ဖြစ်သွားဟန်နှင့် ရွှန်ဆင်သည် ကုမ္ပဏီမှ သူ့လူများနှင့် ဝိုင်းပင်းပြီး ကျွန်တော့်ကို အပြုတ်တွယ်တော့မည့်သတင်းများ သူကြားသမျှ အားလုံးပြောပြပါသည်။

ကျွန်တော်သည် သူပြောသမျှ နားထောင်သည်၊ ပြီး ချိန်ဆသည်။ ယခု အခြေအနေ အရပ်ရပ်အတိုင်း ရွှန်ဆင် ကျွန်တော့်ကို ဘယ်လောက်မကျေနပ်ဘဲနေနေ အပြုတ်မဆော်နိုင်သေးဟု ယုံကြည်သည်။ သည်တော့ ဂေါ်ဒွန်ကို အေးအေးဆေးဆေးနေဖို့၊ စိတ်မပူဖို့ပြောပြီး ဒေါရစ်နှင့်အတူ အိမ်သို့ လိုက်ခဲ့သည်။

အိမ်ရောက်သောအခါ အားလုံး အိပ်နေကြပြီဖြစ်သည်။ ပီတာမှာ အိပ်ဆေးကြောင့်၊ အက်စသာမှာ ပင်ပန်း၍ဖြစ်ပေမည်။ တစ်အိမ်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

မအိပ်ကြသူမှာ ကျွန်တော်နှင့် ဒေါ်ရစ်၊ ဒေါ်ရစ်နှင့် ကျွန်တော် နှစ်ယောက်တည်း။

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အတန်ကြာကြည့်ပြီးမှ ဒေါ်ရစ်က ဇာတ်စုံခင်းပြပါသည်။ ယမန်နေ့က ကြေးနန်းရသည်။ ကြေးနန်းမှာ အစိုးရကြေးနန်း၊ စပိန်ပြည် မက်ဒရစ်မြို့တော် အမေရိကန် သံရုံးမှတစ်ဆင့်လာသော ကြေးနန်း၊ အကြောင်းအရာမှာ ပီတာ၏ သူ့သား မတ်တစ်ယောက် စပိန်တိုက်ပွဲတစ်ခုတွင် ကျဆုံးသွားသည့်အကြောင်း အကြောင်းကြားစာပဲဖြစ်သည်။ ဒေါ်ရစ်အနေနှင့် ပထမဆုံးသူ့အမေအတွက် စိုးရိမ်သည်။ သူ့အမေ အက်စ်သာမှာ ကောင်းစွာနေကောင်းသူမဟုတ်သည့်အပြင် ပီတာက မတ်ကို အိမ်ကနှင်ချပြီးသည့်နောက် ပြန်ခေါ်ရန် တဖွဖွ ပြောခဲ့သူဖြစ်သည်။ သို့သော် တကယ်တမ်းထိသူမှာ ပီတာပင်ဖြစ်သည်။ အမှန်စင်စစ် ပီတာသည် မတ်ကို အချစ်ဆုံး၊ သူ့သားသေပြီဆိုသည်နှင့် ပီတာ နှလုံးခုန်ရပ်ပြီး အရုပ်ကြိုးပြတ် လဲကျသွားခြင်းဖြစ်သည်။ ဒေါ်ရစ်ကိုကိုင်ရင်း လဲကျသွားကြောင်း ပြောပြသည်။

"ဖေဖေလည်း လဲကျသွားရော ကိုယ်လေ ဘာလုပ်ရမှန်းမသိတော့ဘူး။ ဘတ္တလာကို အော်ခေါ်တယ်။ ပြီးတော့ တယ်လီဖုန်းဆီ အပြေးသွားပြီး ဖုန်းကို မ,လိုက်တယ်။ ဖုန်းထဲက 'မဂ္ဂနမ်ရုပ်ရှင်ကပါရှင်၊ ပြောပါ'တဲ့ ဂျော်နီရဲ့။ ဒေါ်ရစ်လေ... စိတ်ဆိုးဆိုးနဲ့ ဖုန်းပြန်ချလိုက်တယ်။ ဖုန်းမှားပြီး စတူဒီယိုဖုန်းကို ကိုင်လိုက်မိတာကိုး။ မဂ္ဂနမ်ရုပ်ရှင်ဆိုတဲ့အသံကို ကြားတာနဲ့ နားထဲမှာ တစ်မျိုးကြီးပဲ။ စိတ်နာသလိုလို၊ မုန်းသလိုလိုပဲ။ တစ်သက်လုံး ဒီအသံပဲ ကြားကြားနေရတာပဲနော်။ အို... ဂျော်နီရယ်၊ ဒေါ်ရစ်တို့ ဘာကြောင့်များ ဒီရုပ်ရှင်လုပ်ငန်းထဲ ဝင်ခဲ့ကြပါလိမ့်"

ဒေါ်ရစ်သည် ကျွန်တော့်မျက်နှာတွင် အဖြေရှာသလို ကြည့်နေပါသည်။ ကျွန်တော်က ဘာဖြေရမှန်းမသိ။

"ဒေါ်ရစ်တို့ ဘာကြောင့်များ ရိုချက်စတာမှာ အရိုးထုတ်မနေခဲ့ကြတာတုံး။ ရိုချက်စတာမှာ နေကြမယ်ဆိုရင် ဒီရုပ်ရှင်ဆိုတဲ့အသံလည်း ကြားရမှာမဟုတ်ဘူး။ အခုတော့ မတ်လည်း ဆုံးပြီ။ ပါပါလည်း အသည်းကွဲပြီး လဲရပြီ။ ဒါတွေအားလုံး ဂျော်နီကြောင့်ချည်းပဲ။ ပါပါ ခဏခဏ

mgyoe.com

mgyoe.com SAMPLE BOOK


ပြောဖူးတယ်။ ဂျော်နီသာ မတိုက်တွန်းရင် သူ ရုပ်ရှင်လုပ်ဖြစ်မှာ မဟုတ်ဘူးတဲ့။ ရုပ်ရှင်မလုပ်ဖြစ်ရင် ဒီအဖြစ်ဆိုးတွေ ကြုံရမှာမဟုတ်ဘူး"

ဒေါရစ်သည် ပြောရင်း ပြောရင်း မျက်ရည်များ ကျလာကာ ငိုပြန်ပါသည်။ ကျွန်တော့်ကို ဖက်၍ ငိုပြန်ပါသည်။ ပြီး ရှိုက်ကြီးတငင်နှင့်...

"ဂျော်နီ့ကို မုန်းတယ်၊ သိပ်မုန်းတယ်။ ဒီရုပ်ရှင်မလုပ်ရင် ပါပါ အခုလို နှလုံးရောဂါနဲ့ လဲရမှာမဟုတ်ဘူး။ ဒါတွေအားလုံး ဂျော်နီကြောင့်၊ ဂျော်နီက ရုပ်ရှင်လုပ်ဖို့ မွေးလာတာကိုး။ ဂျော်နီက တစ်ယောက်တည်း မဖြစ်လို့ ပါပါကို အတင်းဆွဲခေါ်ခဲ့လို့ ခုလိုဖြစ်ရတာ"

ဒေါရစ်သည် ပြောရင်းငိုရင်း ကျွန်တော့်ကို ထုပါသည်၊ ရိုက်ပါသည်။ ကျွန်တော် သူ့လက်ကလေးများကို ဖမ်းသော်လည်း မရပါ၊ သူ့ပါးစပ်ကလည်း မရပ်ပါ။

"မဂ္ဂနမ်ရုပ်ရှင်ဆိုတာ တကယ်တော့ ဂျော်နီပါ။ ဘာကြောင့်များ ပါပါကို ဟုတ်တယ်ထင်အောင် ကြီးကျယ်အောင် လုပ်ရတာလဲ ဂျော်နီရယ်။ ပါပါ စိတ်ကူးယဉ်အိပ်မက်က လန့်နိုးတာနဲ့ သူ့အဖြစ်မှန်ကိုမြင်ပြီး ဖေဖေ အသည်းကွဲရတာပေါ့"

ကျွန်တော်သည် ဒေါရစ် ရန်တွေ့သမျှ ဘာမျှမပြောဘဲ ဒေါရစ်၏ ထုရိုက်နေသော လက်များကိုသာ ရှာဖွေဖမ်းနေပါသည်။ နောက်ဆုံး မိသွားပြီး ဆုပ်ကိုင်ကာ သူ့ကို ဖက်ထားပါသည်။ ဒေါရစ်သည် နောက်ထပ် ဘာမျှမပြောတော့ဘဲ အားရှိပါးရှိ ငိုပါသည်။ ကျွန်တော်က သူ့ကို ဖက်မြဲဖက်ထားပါသည်။ ဒေါရစ် ပေါက်ကွဲ၍ဆုံးမှ၊ ငို၍အားရမှ တဖြည်းဖြည်း တိတ်သွားပြီး သူ့ကိုယ်သူ ဣန္ဒြေဆည်နိုင်လာပါသည်။

"ကိုယ် စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားတာ တောင်းပန်ပါတယ် ဂျော်နီ..."

ဒေါရစ်အနေနှင့် တောင်းပန်ရန်မလိုကြောင်း သိသားဖြစ်ပါသည်။ သို့သော် သူ တောင်းပန်လာသည်။ ပြီးမှ ကျွန်တော့်နားနားမှာ တိုးတိုးကလေးမေးသည်။

"ဒါပေမဲ့ ဒေါရစ်တို့ ဘာကြောင့်များ ဟောလိဝုဒ်ကို လာကြတာလဲဟင်..."

ကျွန်တော် ဘာမျှမဖြေမိပါ၊ ဖြေလည်း မဖြေနိုင်ပါ။ ဖြေစရာ အဖြေ

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ကျွန်တော့်ထံတွင် မရှိပါ။ ကျွန်တော်သည် ဒေါရစ်ကို ဖက်မြဲ ဆက်ဖက်ထားပါသည်။ ဒေါရစ် ပခုံးပေါ်မှကျော်၍ တိုင်ကပ်နာရီကို ကြည့်လိုက်သောအခါ နံနက် လေးနာရီခွဲနေပြီဖြစ်သည်။

ဟောလီဝုဒ်ကို ကျွန်တော်တို့ ဘာကြောင့်လာကြတာတုံး။ သည်အမေးကို ကျွန်တော် ဘယ်လိုဖြေရပါ့။

ကျွန်တော်တို့ ဟောလီဝုဒ်ကို လာစဉ်က ဒေါရစ်က ၁၁ နှစ်၊ ပီတာက ၃၅ နှစ်၊ ကျွန်တော်က ၂၁ နှစ်။ ကျွန်တော်တို့အားလုံး ဘယ်သူမှ ဟောလီဝုဒ်ကို မလာချင်ကြပါ။ သို့သော် မလာလို့ကမဖြစ်။ သည်တစ်လမ်းကလွဲပြီး တခြားလမ်းရွေးစရာ ကျွန်တော်တို့မှာမရှိ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အတိတ်

လွန်ခဲ့သော ၂၇ နှစ်၊ ၁၉၁၁ ခုနှစ်။

[၁]

ကျော်နီမှလွဲ၍ အားလုံးပျော်နေကြသည်။ ဘိုဒင်းက ပီတာထံမှ ရရန် ငွေများ ရသောကြောင့်ဖြစ်သည်။ ဂျိုးအနေနှင့်ကလည်း ဘယ်သူ့ ဩဇာ၊ ဘယ်သူ့အမိန့်မှ မတောင်းရတော့ဘဲ ကိုယ်ရိုက်ချင်သော ကားတွေကို ရိုက်ရသောကြောင့် ဖြစ်သည်။ ပီတာအနေနှင့်လည်း အလုပ်ကဖြစ်၊ ပေးရန် ကြွေးများလည်း ကျေပြီဖြစ်သည့်ပြင် ဘဏ်မှာ ငွေသား ၈၀၀၀ အပ်နှံပြီး သားဖြစ်သည်။ သည်တော့ ပီတာပျော်သည်၊ ပီတာပျော်၍ အက်စသာ ကလည်း ပျော်သည်ပင်...။

မပျော်နိုင်သူက ကျော်နီသာဖြစ်သည်။ လုပ်ငန်းအားလုံးမှာ ၎အောင်မြင် သည် မှန်ပါ၏။ သို့သော် တစ်ခုခုတော့ သူ့စိတ်မှာ လိုမြဲ လိုနေသည်။ ကြီးကြီးကျယ်ကျယ် လုပ်ရပ်ကြီးတစ်ခု လုပ်ရတော့မည်ဟု သူမျှော်လင့် ထားခဲ့သည်။ လက်တွေ့တွင်တော့ ရုံးလုပ်နှင့်မခြား နိစ္စဓူဝ လုပ်ငန်းများ သာဖြစ်နေသည်။ အကယ်၍ 'စုပေါင်း' သာမရှိလျှင် အဆင်ပြေမည်လား မပြောတတ်။ ယခုတော့ 'စုပေါင်း' သည် ရုပ်ရှင်လုပ်ငန်းတစ်ခုလုံးကို လက်ဝါးကြီးအုပ်ထား၏။ ဘိုဒင်းတို့၊ ပီတာတို့ အပါအဝင် ပုဂ္ဂလိကတစ်ဦး ချင်း ထုတ်လုပ်သူများမှာ 'စုပေါင်း' ကို မှီခိုဖြန့်ချိနေရ၏။ စုပေါင်းသည် ဖလင်ရိုင်းအားလုံးကို ချုပ်ကိုင်ထားသည်။ ကင်မရာနှင့် စက်မှုပစ္စည်းများကို

mgyoe.com

mgyoe.com SAMPLE BOOK


ချုပ်ကိုင်သည်။ ဖြန့်ချိရေးကိုလည်း လက်ဝယ်ထားသည်။ ဘယ်ကားမျိုး ရိုက်ရမည်ကိုလည်း ညွှန်ကြားသည်။ ယုတ်စွအဆုံး ကားတစ်ထုပ်ကို နှစ်ပိုင်းထက် မကျော်ရပါ။ တစ်ပြေးညီစွာ သတ်မှတ်ထား၏၊ စာချုပ်ချုပ်ထား၏။

ဂျော်နီသည် လုံးလုံးမကျေနပ်။ သို့သော် သူဘာမျှမတတ်နိုင်။ ဖိုးလမင်းကို ဟောင်သည့် ခွေးနှယ်သာဖြစ်မည်၊ အကျိုးမထူးနိုင်။ 'စုပေါင်း' သည် ဘုရင်ပဲဖြစ်သည်။

ဂျော်နီသည် သုံးနှစ်အတွင်း ရုပ်ရှင်လုပ်ငန်းကို ကကြီးမှစပြီး အ,အထိ နားလည်လာသည်။ နားလည်လေလေ အားမရလေဖြစ်နေ၏။ တချို့ ပုဂ္ဂလိကတို့သည် အပိုင်းရှည်များ ရိုက်ပါ၏။ သို့သော် စုပေါင်း၏ စည်းကမ်းနှင့် ညီနေလေအောင် နှစ်ပိုင်းချင်း တစ်ထုပ်ခွဲ၍ ပြသည်။ ကြည့်ရသူ ပရိသတ်က ဆန့်ငင်ဆန့်ငင် စောင့်နေရသည်။ တွေးတိုင်း ဂျော်နီက မကျေနပ်။ သူ့စိတ်ထဲတွင် အမြဲလိုနေသည်။ သူကိုယ်တိုင်က လည်း မည်မည်ရရ စိတ်ကူးမထွက်။

ကြိုးစားစိတ်ကူးသော်လည်း မရပေမဲ့ ရချင်တော့ စိတ်ကူးခြင်း မဟုတ်ဘဲ တိုက်ဆိုင်မှုမှရသည်။ တစ်နေ့ ၁၉၁၀ ပြည့်နှစ် ဒီဇင်ဘာလ နောက်ပိုင်း ရက်တစ်ရက်၊ ရိုချက်စတာဂျော့၏ ရုပ်ရှင်ရုံရှေ့တွင် ဂျော့နှင့် စကားပြောနေစဉ် ပရိသတ်များ ရုံထဲက ထွက်လာကြသည်။ ထွက်လာသူ မိန်းမတစ်ဦးက...

"နောက်အဆက်တစ်ထုပ် ဆက်ပြရင် ပြီးတာပါပဲဟာ။ အလကား စောင့်စောင့်နေရတယ်"

ဆေးလိပ်မီးညှိနေသူ ခင်ပွန်းက...

"ဟာ... ဒါမှ နောက်အပတ် တို့လာကြည့်မယ်။ သူတို့ ပိုက်ဆံရမှာပေါ့ မိန်းမရ..."

မိန်းမက ကျေနပ်ပုံမရ။

"အို... ကျုပ်တော့ အစအဆုံး တစ်ကားလုံးကြည့်ချင်တာပဲ။ ဒါမှ ပိုက်ဆံပေးရကျိုးနပ်တယ်"

ထိုလင်မယား ထွက်သွားကြ၍ နောက်ထပ်ပြောသော စကားများကို

mgyoe.com

mgyoe.com SAMPLE BOOK


ထပ်မကြားရတော့ပါ။ သူသည် ဂျော့ကို တိုင်တည်လိုက်၏။

"ကြားလား ဂျော့၊ ပရိသတ်တွေ ပြောနေကြတာ"

"ကြားသားပဲ၊ လူတိုင်းကြည့်ပြီး ပြောနေကြတာပဲဟာ"

"ဒီမယ် ဂျော့၊ သူတို့ပြောသလို အစအဆုံး ရိုက်ပြရင်ကော…"

"ပြောတတ်ဘူးလေ၊ ကောင်းချင်လည်း ကောင်းမှာပေါ့။ ကျုပ်အနေနဲ့တော့ ကိုယ်တိုင်ကြည့်ပြီးမှ ပြောနိုင်မှာ…"

ရိုချက်စတာမှ အပြန်ရထားပေါ်တွင် ဂျော်နီသည် တစ်လမ်းလုံးတွေးလာ၏။ ထိုမိန်းမ စကားအတိုင်း တစ်ကားလုံးဆိုသည့်အတိုင်း နှစ်ပိုင်းတစ်တွဲ ၁၀ ကားလောက် စုပြလျှင်ကော၊ မဖြစ်နိုင်ပါ။ ကားကြီး ပြည့်အောင် နေ့တစ်ဝက်ကျိုးအောင် ပြရပေလိမ့်မည်။ အဲသည်လောက်ကြာကြာ မည်သူမျှ ကြည့်မည်မဟုတ်။ ဒါဖြင့် အခန်းဆက်များကို ဖြတ်တောက်ကြည့်ရင်ကော ဘယ်လောက်ဖြတ်၍ ဘယ်လောက်ပြရမလဲ သူမသိ။

နယူးယောက်သို့ ရောက်သောအခါ သူရလာသော စိတ်ကူးကို ပီတာနှင့် ဂျိုးကို တင်ပြ၏။ ဂျိုးက စိတ်ဝင်စားပုံရသော်လည်း ပီတာက စိတ်ဝင်စားပုံမပြ။

"ဂျော်နီကလည်းကွာ၊ တစ်ယောက်တလေ ပြောတာကို ဂရုစိုက်လို့… သူများနည်းတူပဲ ကောင်းပါတယ်"

ဂျော်နီသည် ဘာမျှမပြောတော့သော်လည်း သူကိုယ်တိုင်ကမူ မကျေနပ်။ သူ့နားထဲတွင် ခင်ဗျားတို့ကားတွေက ဒီပုတ်ထဲက ဒီပဲဘဲဝက မထွက်တော့ဘူးလား။ ထူးခြားတာကလေးများကော မထုတ်ကြတော့ဘူးလားဆိုသည့် ဝေဖန်သံ။ ထိုဝေဖန်မှု၏ မှန်ကန်ပုံကို ဂျော်နီ သိသည်။ သည်တော့ ဆုံးဖြတ်လိုက်သည်။ အခန်းဆက် ကားကြီးတစ်ကားကို ဖြတ်တောက်ဆက်ကြည့်မည်ဟူ၍။ ခက်သည်က သူတို့ မဂ္ဂနမ်က အခန်းဆက် မရိုက်။ နောက်ဆုံး ဂျိုးကို ဖွင့်ပြောပြီး ဂျိုးအနေနှင့် ဘိုဒင်းအတွက် ဂျိုးရိုက်ခဲ့သော အခန်းဆက်ကားကြီးတစ်ကား တောင်းလိုက်သည်။ ဘိုဒင်းကလည်း ရော့ရော့ရှုရှု ပေးပါသည်။

ကားထုပ်ရသည်နှင့် ဂျိုးနှင့် ဂျော်နီတို့သည် ကားဆက်ခန်းထဲသို့

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်သည်။ ဖြတ်ကြ၊ တောက်ကြ၊ ဆက်ကြသည်။ သူတို့ ပီတာကိုလည်း မပြော၊ ဘယ်သူ့မှလည်း မပြော။ ဆက်ပြီးခါမှ ဂျော့ကို ကြေးနန်းရိုက် ခေါ်လိုက်သည်။

နောက်နေ့ည မင်္ဂနမ်စတူဒီယိုမှာ သူတို့ စမ်းပြသည်။ ဂျော်နီ၊ ဂျိုး၊ ဂျော့၊ ပီတာနှင့် အက်စသာတို့သာ ရှိသည်။ ပြစက်မောင်းသမားကိုပင် အနားပေးပြီး ပြစက်ကို ဂျော်နီမောင်းသည်။

ရုပ်ရှင်ပြပြီးသည်နှင့် သူတို့အားလုံး စကားမပြောနိုင်ကြ။ ခဏ အကြာတွင်တော့ အားလုံးတစ်ပြိုင်တည်းလိုလို ပြောမိကြပြန်သည်။

ပီတာက ပြောသည်။

"သိပ်ရှည်တယ်ကွာ၊ ကြည့်ရတာ မျက်စိတောင်ညောင်းတယ်"

"ဒါ ပီတာ မျက်စိမကောင်းလို့ နေမှာပါ"

ဂျော်နီက ခနဲ့သည်။

"ဟုတ်တယ်၊ မျက်စိဆရာဝန်နဲ့ ပြဖို့ကောင်းတယ်"

ဂျိုးက ဝင်၍ထောက်ခံသည်။ ပီတာ၏ အားနည်းချက်မှာ မျက်စိ ဖြစ်သည်။ သို့သော် ပီတာက ဝန်မခံ။ ဒါကို ဂျိုးတို့၊ ဂျော်နီတို့က အခွင့် ရတိုင်း စသည်။

ဂျော့ကမူ ရိုးရိုးပဲပြောသည်။

"ကြိုက်တယ်၊ ဒါပေမဲ့ ရုံမှာပြကြည့်မှ ပရိသတ်နဲ့ ကြည့်မှ တိတိ ကျကျ အဖြေပေးလို့ရမယ်"

ဂျော်နီက မဲ့ပြုံးပြုံးရပြန်၏။

"ပြချင်တာပေါ့ဗျာ။ ပရိသတ်နဲ့ ပြကြည့်ရင် ပိုကောင်းမှန်းသိတာပေါ့။ ဒါပေမဲ့ ပြလို့မဖြစ်ဘူး၊ စုပေါင်းက သတ်မှာ"

သူတို့အားလုံး ဘာပြောရမှန်းမသိ၍ ဘာမျှမပြောကြတော့။ သူတို့ တစ်တွေသည် တစ်မျိုးစီ မှန်နေကြ၏။ ဂျော်နီနှင့် ဂျိုးက စိတ်ဝင်စား လွန်းသည်။ ပီတာကမူ အစိုးရိမ်လွန်သည်၊ ဂျော့ကမူ ကြားလူ။ အဆုံး အဖြတ် အမှန်ကန်ဆုံးပေးသူက အက်စသာပင် ဖြစ်သည်။ အက်စသာ က...

"စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒါပေမဲ့..."

mgyoe.com